
သူမ
ချမ်းမြေ့စေကြောင်း...

ချမ်းမြေ့စေကြောင်း

သျှင်မ

စာဖတ်သူများသို့ ပန်ကြားချက်

ကျွန်မကိုယ်တိုင်ရေးသားသော သျှင်မကလောင်နာမည်ဖြင့် လုံးချင်းဝတ္ထုများကို ပတ္တမြားသိုက်စာပေ တစ်ခုတည်းမှသာ ထုတ်ဝေဖြန့်ချိလျက် ရှိပါသည်။ သျှင်မကလောင်ဖြင့် ယခင်က ရေးသားထုတ်ဝေခဲ့သော စာအုပ်များနှင့် ပတ်သက်၍လည်းကောင်း ပတ္တမြားသိုက် စာပေမှ ထုတ်ဝေလျက် ထုတ်ဝေပြီး စာအုပ်များနှင့် ပတ်သက်၍ လည်းကောင်း Online Media များပေါ်၌ Screenshot များ တင်ခြင်း၊ Link များပြုလုပ်၍တင်ခြင်း၊ PDFဖိုင်များပြုလုပ်၍တင်ခြင်း၊ Application များပြုလုပ်ပြီး Download ဆွဲ၍ အသုံး ပြုနိုင်ရန်ပြုလုပ်ခြင်း၊ မိတ္တူကူးယူ၍ ရိုက်နှိပ် ဖြန့်ချိခြင်း၊ တခြားသောနည်းအမျိုးမျိုးဖြင့် ကူးယူဖြန့်ချိခြင်းများကို ကျွန်မ၏ ခွင့်ပြုချက်မရှိဘဲ ပြုလုပ်ခွင့်မရှိကြောင်း ပန်ကြားအပ်ပါသည်။

သျှင်မ

***

## အခန်း(၁)

"ဟဲ့ ... ဒါ နင့်အဖေလေ ... "

"သိတယ်လေ ... ဒါပေမဲ့ ဒေါ်လေးနဲ့ပဲ အမြဲအတူနေနေတာ၊ အဲ့အတိုင်းဆက်နေလို့ မရဘူးလား ..."

"ငါကရတယ် ... နင့်အဖေက နင်နဲ့လိုက်ချင်နေတာ ... "

သူဟုတ်ကြောင်း အဖေက ခေါင်းညိတ်ပြနေသည်။ မခေါ်မှာ စိုးရိမ်နေတာတွေလည်း ပေါ်လွင်နေကာ ထိုင်ရာကနေ မော့ကြည့်နေသည့် မျက်လုံးတွေက သူမမျက်နှာက မခွာ။ စိန်စီ မျက်နှာလေးမဲ့သွားသည်။ အဖေတစ်ခုသမီးတစ်ခုဘဝနဲ့ အတူလက်တွဲ ရင်ဆိုင်ခဲ့တုန်းက သူမအတွက် ဒီအဖေမရှိလို့မဖြစ်။ ဒါကအမှန်တရားပဲ။ သားသမီးတွေ အတောင်အလက် စုံလာရင် မိဘရင်ခွင်ကို ထားရစ်ပြီး ပျံသန်းထွက်ခွာကြတာ ဒါလည်းသဘာဝ။ မိဘကလည်း သူတို့ဝတ္တရား ကျေသည်ဖြစ်စေ မကျေသည်ဖြစ်စေ တာဝန်တစ်ရပ် ပြီးဆုံးသွားတယ် ဆိုရင် မပြီးဘူးလား ... ခက်ပဲ့ ... ၊

"အမလေး ... ကိုယ့်အဖေကို ခေါ်သွားဖို့တောင်မှ စဉ်းစားနေလိုက်တာ စိန်စီရယ်၊ ညည်း ခုလို စိန်စီတဲ့ဘဝမျိုးနဲ့ ပွဲလယ်တင့်နိုင်တာ ဒီအဖေကြီး ပခုံးထမ်းတင် ပေးခဲ့တာပါအေ ... အိမ်ပိုင်မရှိတဲ့ ဘဝနဲ့ ကျပန်းရောင်းချပြီး ညည်းကျောင်းစရိတ်တွေ ကျန်းမာရေး စားဝတ်နေရေးတွေ"

"ဟာ ... ဟိုးအစကနေ ပြန်ကောက်နေပြန်ပြီ ဒေါ်လေးရယ် ... "

အဒေါ်နှစ်ယောက်၏ အလယ်မှာ ပြန်ထိုင်ချလိုက်ရင်း သချာပုံသွင်းအလှဖော်ထားသည့် ဆံပင်တွေထဲ လက်ကရောက်သွားမိသည်။ ပြီးမှ မဖွရဲဘဲ လက်ပြန်ချကာ ...၊

"မိဘကျေးဇူးကို စိန်စီသိပါတယ် ... သိလို့လည်း ဒီအိမ်တစ်လုံးလုံးကြီးကို ဝယ်ပြီး အဖေ့ကို စောင့်ရှောက်ပေးမယ့် ဒေါ်လေးနဲ့ကြီးကြီးတို့ မိသားစုတွေကိုပါ အိမ်ပေါ် ခေါ်တင်ထားခဲ့တာပေ့ါ...."

ဒေါ်လှလှကပဲ အပျိုကြီး။ အကြီးဆုံးအစ်မ ဒေါ်မေသူက သားနှစ်ယောက်နဲ့ မုဆိုးမဖြစ်သည်။ ဒေါ်လှလှက အိမ်ရှေ့မှာ ဈေးဆိုင်လေးဖွင့်ထားပြီး ငွေတိုးလည်း ချေးသေးသည်။ ဒေါ်မေသူက လမ်းထိပ်မှာ အသုပ်ရောင်းပေမဲ့

ရောင်းတစ်ရက် မရောင်းတစ်ရက်။ ဈေးထွက်လိုက်တာနဲ့ သားတွေက လက်ဖြန့်ကြတာမို့ အမြဲတမ်း အရင်းပျောက်နေတတ်၏။ ပြောရပါလျှင် ဒေါ်လေးလုပ်စာ တစ်ခုတည်းနှင့် လူတွေအများကြီးကို ထောက်ပံ့နေရတာ မလောက်ငနိုင်။ ထို့ကြောင့် အဖေ့ကို ကန်ထုတ်ချင်လို့ ပြောလာတာ။ သူတို့ ညီအစ်မချင်းကျတော့ အဆင်တွေ ပြေနေကြပြီး အဖေ့ကိုကျတော့ ...၊

"ဟုတ်ပါတယ်အေ ... ကျုပ်တို့က ကပ်နေကြတာပါ"

ဒေါ်မေသူက ဟိုဘက်ကို ဆတ်ခနဲ ဖင်ရွှေ့ထိုင်လိုက်ပြီး အော်သည်။ စိန်စီကလည်း မျက်တောင်ဖျားတို့ စင်းကြည့်ကာ ... ၊

"ဩော် ... မလုံတဲ့အိုးက ပွင့်နေပြန်ပြီ၊ ဘာလေးပြောပြော ကြီးကြီးအသံပဲ ထွက်ထွက် လာတာနော်၊ အပြောမခံချင်လည်း မနေနဲ့ပေါ့ ... ဘယ်သူမှ တားမထားဘူး ..."

"သွားလိုက်ချင်တာမှ မိစိန်စီရယ် ... ညည်းသူဌေးကတော် ဖြစ်သွားကတည်းက ရောက်လာလိုက်ရင် တစ်ခါမှကို နားမချမ်းသာဘူး ... ဒီအဖေ တစ်ယောက်ပဲ ရှိတာတောင် မသထာတာ၊ ငါတို့ဆိုဝေးပြီဆိုတာ သိတယ် ... "

"ဘာဖြစ်လို့ အဖေ့ကို ထည့်ထည့်ပြောနေတာလဲ ..."

စိန်စီထိုင်ရာမှ ဝုန်းခနဲ ထရပ်သည်။ နာမည်ကိုက စိန်စီ။ လူမပြောင်ရောင်ခင် အချိန်တည်းက စိတ်က နေထိုးခံခဲ့တာမဟုတ် ... ၊

"စိန်စီသူဌေးကတော် မဖြစ်ခင်ကတည်းက ကြီးကြီးပဲ လာပတ်သက်နေတာနော် ... တဲအိမ် စုတ်စုတ်လေးပေါ် လက်တစ်ဝါးစာလေး အရယူပြီး တစ်ခါလာရင် တစ်လကိုးသီတင်းရှိလို့ မပြန်တာ ဘယ်သူလဲ ... ယောက်ျား ဆေးဖိုးမရှိလို့ သားကျူရှင်ဖိုးမရှိလို့၊ မရှိပေါင်းစုံနဲ့ လာပြီး မရမချင်း သူများ

အိမ်မှာ မရှိစာလေး ကပ်စားနေတာရောဘယ်သူလဲ ... "

"ဟဲ့ ... သမီး မပြောရဘူး၊ ငရဲကြီးတတ်တယ် ... "

"အဖေဖယ်စမ်းပါ ..."

ဦးသုတက အစတည်းက လူအေးကြီးဖြစ်သည်။ အသက်ကလည်းကြီး စိတ်ဓာတ်တွေ ကျနေချိန်မှာ သူ့ကို ကြည့်လိုက်တိုင်း ပြုံးနေတတ်သဖြင့် တချို့က ရူးနေသည်ထင်၏။ တချို့ကျတော့ သူငယ်ပြန်နေပြီ ပြောလိုပြော။ အသက်ကြီးမှ သမီးလေး တစ်ယောက်ပဲ ရတာမို့ ခုချိန်မှာလည်း လူက ခြောက်ဆယ်နား ကပ်နေပြီဖြစ်ကာ ... ။

"အဖေမလိုက်တော့ဘူး ... နောက်မှပဲ အေးဆေးလာမယ်၊ သမီးပြန်တော့ ပြန်တော့ ... "

ကိုယ့်သမီးအကြောင်း သိနေသည့် အဖေဖြစ်သူက ပခုံးလေးဖက်၍ အိမ်ပြန်ဖို့ ပြန်ချော့နေရသည်။ စိန်စီပြောတာတွေကို ဒေါ်သထွက်ပေမဲ့ ဆန်းလည်း မဆန်းတော့ပါ။ ဆင်းသွားပါလား ဆိုတော့လည်း ကိုယ့်မှာနေစရာ မရှိတော့ပြီမို့ ဒေါ်မေသူက ထဘီမပြီး တဒိုင်းဒိုင်း ထွက်သွား၏။ စိန်စီမျက်စောင်းက ခြေသံမကြားရတော့တဲ့အထိ တောက်လျှောက်လိုက်ကာ၊

"ဟွန်း ... ကြားသုံးကြားမပါနဲ့တဲ့၊ လူကြီးဖြစ်ပြီး နည်းနည်းပါးပါးလည်း ဆင်ခြင်ကြဦး ... စိန်စီတို့သားအဖ ကျေနပ်နေရင်ပြီးတာပဲ၊ ဘယ်သူက ဘယ်သူ့ကို ဘာပြောပြော ဘာလုပ်လုပ် ဝေဖန်စရာမလိုဘူး ... စိန်စီက 'မင်းကတော်' ဇာတ်ထဲက မိန်းမမျိုးမဟုတ်ဘူး ဆိုတာ နားလည်ထား ... မဆိုင်သလိုနေလိုက်လို့ ရတာတောင် အိမ်နဲ့ဝိုင်းနဲ့ ဝယ်ပေးထားတယ်၊ ခြွေရံသင်းပင်းနဲ့ ထားတယ် ... ဒါကို ဘာလိုတယ် ဘာလုပ်ပါ ဆရာဝင်မလုပ်နဲ့"

"ဟုတ်ပါတယ်အေ ... ငါတို့ကလည်း ... "

"လာပြန်ပြီ ... စိန်စီ ဒေါ်လေးကိုပြောနေတာ မဟုတ်ဘူး ... "

ပြောနေတာမဟုတ်ဘူးဆိုပြီး လှည့်အော်တာကိုက လူကို ကုတ်ဖဲ့သတ်တော့မယ့် အတိုင်း။ ဒေါ်လှလှ သက်ပြင်းချပြီး ခေါင်းခါ၏။ ဦးသုတလည်း မျက်နှာငယ်လေးနှင့် ရှိနေကာ စိန်စီ အော်တာရပ်သွားမှ လက်မောင်းတစ်ဖက်ကို ဆွဲ၍ ဆိုဖာမှာပြန်ထိုင်ဖို့ ပြောရှာသည်။

"ဒေါသနဲ့ပြောတဲ့စကား မှားတတ်တယ်သမီးရဲ့ ... တော်တော့ ... "

"အဖေကရော ဘာပြောဦးမလို့လဲ ... "

ဆုံးမစကားတွေကို ရိုးအီနေပါပြီ ... ။ 'အမိယုတ်တော့ နှုတ်ကြမ်း အဖယုတ်တော့ ကိုယ်ကြမ်း' တဲ့ ... အပြောမကြမ်းရဘူး ... ကိုယ့်ကြောင့်မိဘကိုပါ ထိခိုက်စော်ကားခံရတာ မကောင်းဘူး ... ကိုယ်ကဆင်းသက်မယ့် သားသမီးမြေးမြစ်အထိ ကိုယ့်လို နှုတ်ယောင် လိုက်ကုန်ရင်လည်း ခက်မယ်ဆိုတာတွေ ... သူများတွေများ မိတဆိုးသမီးတွေဆို ဆုံးမမခံရဘူးတဲ့ ... ဖေတွေက စီးပွားပဲရှာနိုင်တာ အနီးကပ် မဆုံးမနိုင်ကြဘူးတဲ့ ... ကိုယ့်အဖေကျ ဒီလို မဟုတ်ပါလား ... ငယ်ငယ်လေးတည်းက ပူလာခဲ့ရတဲ့ နားတွေဆိုတာ မွေးတည်းကများ အမေမရှိခဲ့ရင် နားနှစ်ဖက်ပါ မီးထတောက်နိုင်သည်။

ဒေါသက အိမ်ကိုလိုက်ချင်တယ် ပြောလာသည့် အဖေ့ကို မကျေနပ်တာကစတာမို့ မကျေနပ်ချက်တစ်ခုကနေ မီးထပွင့်၏။ ထိုကနေ မငြိမ်းသောမီးအသွင် ဆောင်လျက်...

"ဟိုတုန်းတည်းက ကိုယ့်အဖေရှာတာ ကိုယ်မစားရဘူး ... ခုထိ အိမ်ပေါ်တင်ထားခဲ့တာ ဒီက သိပ်နုံလွန်းလို့မထင်နဲ့ "

"သမီး ... တော်ပါတော့စိန်စီရယ် ... "

"ဘာကိုတော်ရမှာလဲအဖေ ... အဖေအဖော်ရအောင် သူတို့ကို အိမ်ပေါ်တင်ပြီး ဂရုစိုက်ပေးဖို့ သချာပြောထားခဲ့တာ ... ."

"ဟုတ်ပါတယ် ... ခုလည်း အဖေက သမီးလေးနဲ့ အတူနေချင်လို့ပါ၊ သူတို့က သွားခိုင်းတာ မဟုတ်ပါဘူး ... "

"ငါတို့ကမသွားခိုင်းပါဘူး စိန်စီရယ် ... ညည်းအဖေကို ကွယ်ရာမှာ မေးကြည့်စမ်းပါ၊ သူကိုက ... "

"အို ... ဘယ်လိုဖြစ်မှာလဲ၊ စိန်စီက အားနေတာမှမဟုတ်တာ ... သူများတစိမ်းတွေ ကြားထဲမှာ အဖေ့ကို နေကုန်နေခန်း ဘယ်လိုထားခဲ့မလဲ ..."

'ဟုတ်ရဲ့လားအေ' ဆိုသည့်အကြည့်တစ်ချက် ဒေါ်လှလှမျက်လုံးထဲမှာ ဝေ့သွားသည်။ ဒီမိန်းကလေးမိဘအပေါ် အကြင်နာနည်းတာ တစ်မျိုးလုံးသိကြသည်။ ပြောရပါလျှင် ကိုယ်တွေက ငါ့မောင်လေးပဲ ငါ့အစ်ကိုပဲဆိုသည့်အသိနှင့် အစစအရာရာ ကြင်နာဖေးမကြသည်။ မှီခိုနေကြရသည် ဆိုပေမဲ့ မကင်းရာမကင်းကြောင်း ကူညီထောက်ပံ့ကြတာက သတ်သတ်။ အရေးအကြောင်းဆိုလျှင် ပြေးရောက်လာကြတာ ထဘီမနိုင်ပဝါမနိုင်။ 'စိန်စီရေ ညည်းအဖေလမ်းထိပ်မှာ ပစ္စည်းတွေ မနိုင်မနင်းနဲ့ မောနေလို့တဲ့ ပြေးသွားလိုက်ဦး' လို့ ခိုင်းကြည့် ... ။ 'ဟာ ... ဒီမှာရေချိုးမလို့ အင်္ကျီချွတ်ပြီးနေပြီ' 'ထမင်းစားနေတာ ဘယ်လိုလုပ်ရမလဲ' စသဖြင့် ဖအေကို ပြေးကြိုရမှန်းမသိ။ ဒါကိုခုကျမှ အိမ်မှာထားခဲ့ရမှာ စိတ်မချလို့ဆိုတာဘယ်လိုပြောရမလဲ ...

"ရတယ် ... စိန်စီကလည်း ကြိုပြောထားမယ်နော်၊ အဖေ့ကို စိန်စီခေါ်သွားတဲ့နေ့က ဒီအိမ်ကို သော့ခတ်မယ့်နေ့ပဲ ... တစ်ယောက်မှ အိမ်မှာမနေရဘူးမှတ် ..."

ဒေါ်မေသူ့အသံ လုံးဝမကြားရတော့သလို လူရိပ်လည်းမတွေ့။ ပြောချင်ရာပြော ဆိုပြီး ဆင်းရှောင်သွားလေသလား … တစ်နေရာမှာ အံကြိတ်နေပြီလား ဆိုတာမသိ။ မျက်နှာချင်းဆိုင်ကြီး အပြောခံလိုက်ရသည့် ဒေါ်လှလှကတော့ မျက်နှာတစ်ခုလုံး ရေနွေးငွေ့လောင်သလို ခံရခက်သွားသည်။ မမကိုပဲပြောပြော ကိုယ့်ကိုရည်ရွယ်တာ ဖြစ်ဖြစ် ညီအစ်မချင်း ဘာကွာလို့လဲ …။ ထိုစဉ် စိန်စီမျက်နှာက သူ့ဘက်တည့်တည့် လှည့်လာကာ … ၊

"ဒေါ်လေးက တစ်ကိုယ်ရေသမားပါ … ပြီးတော့ အဖေ့ကိုလည်း ပြုစုလာခဲ့တာ သိတယ်၊ ဒါပေမဲ့ အဖေ့အပေါ် စိန်စီ ဘယ်လိုဆက်ဆံပါ ဘယ်လိုနေပါဆိုတာတွေ ခဏခဏဝင်မပြောပါနဲ့ … သိစေချင်တာက နေတတ်ဖို့ပဲ … "

"စိန်စီရေ … ငါတို့ညီအစ်မက ညည်းအဖေရဲ့ မောင်နှမအရင်းတွေပါအေ … အိမ်မှာ ခိုကပ်နေရလို့ဆိုတာ …"

"တီ …"

စကားသံတွေ တိခနဲ ပြတ်တောက်ကုန်သည်။ စိန်စီယောက်ျားဆိုတာ သိလိုက်လို့ပါ။ သူမ လာတိုင်း ယောက်ျားနဲ့အတူ လာတယ်ဆိုတာ သိပ်မရှိတတ်သလို တစ်ယောက်တခြားစီ လာကြရင်တောင် ကိုယ့်တူမလေး စိတ်ဆင်းရဲမယ့် စကားမျိုးဆို ကိုယ်ကရှောင်ခဲ့သည်။

စိန်စီဆိုသောမိန်းကလေးသည် စာမတတ်ပေမတတ် ကျပန်းအလုပ်သမား ဈေးသည်လည်း ဖြစ်သည့် ဖအေကို ဘယ်တော့မှ ပွဲမထုတ်။ ဖအေကကျတော့ သမီးမျက်နှာ မြင်လိုက်တာနှင့် ဒီတစ်ခါ ‘ငါ့ကိုလာခေါ်တာနေမှာ’လို့ ထင်ပြီး လူမသိအောင် အထုပ်ထပြင်တဲ့အထိ မျှော်လင့်နေရှာသည်။ အတူတူနေကြတာ ကိုယ့်အစ်ကို ဘယ်လိုအခြေအနေ ရှိနေသလဲဆိုတာ သူတို့မသိဘဲနေမလား …။ တစ်ခါတလေ သမီးမလာတာကို ငုတ်တုတ်ထိုင်မျှော်ရင်း မျက်ရည်တွေ ကျလိုကျ။ ပြီးတော့ ပြောသေးသည်။

'ငါက သူ ဘယ်လိုနေသလဲ ကြည့်ချင်ရုံလေးပါ' တဲ့။ ဘယ်သူမှလည်း မေးနေတာမဟုတ် ... ၊

"တောက် ..."

ဖျတ်ခနဲဝင်လာသည့် အတွေးတို့သည် စိန်စီ၏ တက်ခေါက်သံကြောင့် ပြတ်တောက်သွားခဲ့ပြီး ... ၊

"မလာပါနဲ့ဆိုတာ ဘာဖြစ်လို့များ လိုက်လာမှန်းမသိဘူး ... "

ဒေါသအလိပ်လိုက်ထွက်၏။ ဒရိုင်ဘာလာကြိုတာဆို ဟွန်းမတီးရဲပေ။ မတီးရဲအောင်လည်း ပြောထားခဲ့သည်။

"ငါ့ဘာသာ ပြန်ရမယ့်အချိန် ဆင်းလာခဲ့မယ် ... နင် ရောက်ကြောင်း ဟွန်းတီးပြီး အသံပေးဖို့မလိုဘူး..."လို့။ ဒရိုင်ဘာကလည်း မှတ်ထားသည်။ ထို့ကြောင့် ဟွန်းသံ ကြားလိုက် ကတည်းက မောင်ကိုယ်တိုင် မောင်းလာပြီကို သိလိုက်သည်။ ကြည့်လိုက်တော့လည်း ထင်သည့်အတိုင်း ... ၊

"ပြန်တော့မယ်....ဒေါ်လေးတို့ မောင်နှမဆွေးနွေးကြလေ၊ မဖြစ်မနေ ခေါ်ရမှာဆိုလည်း ဖုန်းဆက်လိုက် ... "

မကျေနပ်တာတွေ သိသာအောင်ပြပြီး ဆတ်ခနဲ လှည့်ထွက်ခဲ့သည်။ တံခါးနားရောက်မှ ပြန်ငဲ့ကြည့်ကာ ... ၊

"ဖုန်းဆက်ချင်လည်း အချိန်မရွေး ဆက်လို့မရဘူးနော် ... "

ဘယ်အချိန်တွေမှာ ဖုန်းခေါ်လို့ရသလဲ ဆိုတာ ပြောထားပြီးသား။ အဖေ့ကို ဘယ်လို နည်းနဲ့ဖြစ်ဖြစ် မခေါ်နိုင်ဘူးဆိုတာ သိစေချင်လို့ မခေါ်ခိုင်းရဲတော့အောင် အခြေအနေတွေကို ဖွင့်ပြနေတာဖြစ်သည်။ လှေကားထစ်သုံးထစ်ကို နင်းဖြတ်ဆင်းခဲ့ပြီးမှ အဖေ့ကို နှုတ်မဆက်ခဲ့ရတာ သတိရသည်။ ခြေလှမ်း တုံ့သွားပေမဲ့ မောင်ခြံထဲဝင်လာတာကို မြင်လိုက်သဖြင့်

ကမန်းကတန်း လျှောက်သွားမိကာ ... ၊

"မောင်ရယ် ... မအားဘဲနဲ့ ဘာလို့ကိုယ်တိုင် လာကြိုတာလဲ၊ နီတွတ်က ရော ... "

"သူ့ကို ပွဲရုံကားနဲ့ တစ်နေရာလွှတ်လိုက်လို့ ... "

"ဒါဆိုလည်း သူလာတဲ့အထိ စောင့်လို့ရတာပဲကို ... "

"မောင်လာတော့ ဘာဖြစ်လို့လဲ ... "

စိန်စီချက်ချင်း မျက်နှာချိုသွေးသည်။ ပြီးတော့ မောင့်လက်ကို ချိတ်လိုက်ပြီး နောက်ပြန်မလှည့်အောင် ဆွဲခေါ်လိုက်ကာ ...

"ပြန်မယ် ... "

ပြောလိုက်တော့ လက်ကိုပြန်ရုန်းလိုက်ပြီး မောင်က တအံ့တသြ ... ၊

"အဖေ့ကို ခေါ်မလို့ မဟုတ်ဘူးလား ... "

"ဘယ်လို ... "

ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။

"မောင့်ကို ဘယ်သူပြောတာလဲ ...

ဒီမေးခွန်းကိုလည်း မောင်က အံ့သြနေပုံရှိလျက် ...

"ကြီးကြီးနဲ့ လမ်းထိပ်က မီးသွေးဆိုင်မှာ တွေ့ခဲ့တာ ... ဘာဖြစ်လို့လဲ စိန်စီ၊ အဖေ့ကို အိမ်ခေါ်ချင်တာ ဘယ်သူ့ကို ကြောင့်ကြစရာရှိလို့လဲ ... အဖေလည်း သူ့သမီး ဘယ်လိုနေတယ် ထိုင်တယ်ဆိုတာ မြင်ချင်မှာပေါ့၊ မောင်က စိတ်ကူးလာတာ ... အဖေ့ကို အိမ်မှာပဲ ခေါ်ထားလိုက်ရင် ကောင်းမလားလို့ ... "

"အို ... မောင်ကလည်း အဲ့လိုတော့ မဖြစ်သေးပါဘူး၊ လိုက်ချင်တယ် ဆို

ရင်တောင် ခဏတစ်ဖြုတ်ပဲကောင်းတယ်လေ ... အိမ်မှာလည်း လူမများဘူး ဆိုပေမဲ့ နည်းတာမှ မဟုတ်တာ ...

အိမ်မှာ မောင့်မိဘတွေရယ် အစ်ကိုနှစ်ယောက်စလုံးက အိမ်ထောင်ကျပြီး အိမ်မှာပဲနေကြသည်။ သူမအတွက် အဆိုးဆုံးက ထိုအစ်ကိုနှစ်ယောက် ရထားကြသည့် ဇနီးတွေက ပညာတတ်လူကုံထံတွေ ...။ သူမတို့ကိုယ်တိုင် ပညာတတ်သလို မိဘတွေကလည်း ပညာတတ် လုပ်ငန်းရှင်တွေချည်းသာ။ ကိုယ့်အဖေကျမှ စာတစ်လုံးမှမ တတ်သော ...၊

"ထားလိုက်ပါ ... ဒီမှာလည်း ပြည့်စုံအောင် ထားပေးထားတာဥစ္စာ ..."

မောင့်မျက်ဝန်းတွေက စိန်စီမျက်နှာလေးပေါ်မှာ နားလည်ရခက်စွာ စူးစိုက်သွားသည်။ ကြီးကြီးပြောလိုက်တုန်းက ဒီလိုမဟုတ် ... ၊

"စိန်စီတောင် သူ့အဖေကို အိမ်ခေါ်သွားချင်တယ် ပြောတယ် ... သားကို မပြောရသေးလို့ ထင်တယ် ... "တဲ့ ... ၊

ကားနားထိလာပြီး ဒီစကားကို ပြောသွားခဲ့သည်။ ကြားလိုက်တည်းက သူစိတ်ကူးရလိုက်တာတွေ အများကြီးပါ။ စိန်စီအဖေ ဦးသုတကို သူခင်မိသည်။ ဒီယောကျ်ား တစ်ယောက်ဟာ စာမတတ်ပေမဲ့ ရဲရင့်သည်။ လူမှုအသိစိတ်ဓာတ် အပြည့်ရှိသည်။ သူ လေးစားရဆုံးက မိသားစုအပေါ် ကြင်နာမှုအပြည့်အဝ ထားနိုင်သလောက် ဦးစီးခေါင်းဆောင် နိုင်စွမ်းရှိသူ ဖြစ်ခြင်းကြောင့် ...

"ဘယ်လိုအတွေးတွေကြောင့်လဲ စိန်စီရာ ... မိဘကို ပေးကမ်း ထောက်ပံ့နေရုံနဲ့ ဝတ္တရား ကျေနေကြတာ မကောင်းပါဘူး၊ ဒါကို ပြီးမြောက်ပြည့်စုံခြင်း လို့လည်းခေါ်လို့မရဘူး ... မိဘတွေ လိုချင်ကြတာ သားသမီးမျက်နှာပါ ... "

"မျက်နှာလည်း လာလာပြနေတာပဲလေ ... ကဲပါမောင်ရာ၊ စိန်စီက သူ့သမီးပါ ... "

"မောင်ကလည်း သမက်ပီသချင်တဲ့သူ မဟုတ်ဘူး စိန်စီ ... သားပဲဖြစ်ချင်တာ၊ မောင့်မိဘတွေ ငြိုငြင်မှာစိုးလို့ဆိုရင် မောင်တာဝန်ယူနိုင်တယ် ... "

"ဟုတ်ပါပြီ ... စိန်စီစဉ်းစားပါ့မယ် ..."

"စဉ်းစားဦးမယ် ... "

သူအံ့ဩနေမိသည်။ လှမ်းကြည့်လိုက်တော့ ပြတင်းပေါက် ခန်းဆီးစလေး လှုပ်ခတ်သွားတာကို မြင်လိုက်သဖြင့် တစ်ယောက်ယောက်လည်း လှမ်းကြည့်နေသည်မှန်း သိလိုက်သည်။ သူ စိတ်တိုင်းမကျနိုင်။ တချို့မိဘတွေက မာနကြီးသည်။ ပိုက်ဆံရှိသည့် ခမည်းခမက် အိမ်ကို လိုက်မနေချင်ကြ။ ဒီဘက်မှာလည်း မိဘကတစ်ဖက်၊ သားမယားကတစ်ဖက်နှင့် ခေါ်ဖို့ အခက်တွေ့နေကြတာတွေ။ ခုဟာက ဘာမှလည်း အခက်တွေ့ဖို့မရှိ။ ကြီးကြီးပြောပုံအရ အဖေ့ဘက်ကလည်း ပြဿနာရှိပုံမပေါ်ပါ။ ပြီးတော့ ကိုယ့်ဘက်ကလည်း အားလုံးအိုခေ ... ၊

ကားပေါ်ရောက်လာကြတော့ သူမနေနိုင်ဘဲ စိန်စီကိုလှည့်ကြည့်၍ ... ၊

"စိန်စီ မောင်တို့မိသားစုကို တစ်ခုခု နားလည်မှု လွဲနေပြီထင်တယ် ... မင်္ဂလာဆောင်တုန်းကလည်း အဖေ မတက်ခဲ့ရဘူး ... "

"သူ့ဘာသာ မလာချင်ပါဘူး ဆိုပြီး မောင်သွားခေါ်တာတောင် မလိုက်တာလေ ... "

"ထားလိုက်ပါ ... ဘာပဲဖြစ်ဖြစ် အဖေက နောက်ရောက်ရောက်နေတာ ... "

"အဲဒါလည်း ထားလိုက်လို့မရဘူးလားမောင် ... မောင်ဘယ်လောက်ပဲ

သားနဲ့တူတဲ့ သမက်ဖြစ်ပါစေ၊ အဖေ့နားမှာ မောင်အမြဲတမ်း ကပ်မနေနိုင်ပါဘူး ... စိန်စီလည်း ဒီတိုင်းပဲ၊ မောင်ရှေ့ကသွားရင် နောက်ကလိုက်ချင်တယ် ... အဖေ့ကြောင့် နောက်ဆံမတင်းချင်ဘူး ... "

"အဲဒါကို ... "

"စိန်စီပြောလို့ မပြီးသေးဘူးလေ ... "

မောင် ကျွတ်ခနဲစုတ်သပ်သည်။ ကားမောင်းနေရင်း စိန်စီဘာတွေလုပ်နေသလဲ ဆိုတာ အစကပြန်တွေးမိသည်။ ပြီးတော့ သူ့ကို ဘာကြောင့် မယုံကြည်တာမှန်းလည်း တွေးလို့မပေါ်။ သူမကို သူချစ်သည်။ ချစ်သည်ဆိုတာထက် ပိုမိုသော မြတ်နိုးခြင်းဆိုလျှင် ပိုမှန်နိုင်၏။ တက္ကသိုလ်မှာ 'မောင်'ဆိုသည့် နာမည်တစ်လုံးနှင့် မိန်းမလှလေးတွေကြားမှာ ထင်ပေါ်နေသည့် သူ့ရှေ့ကို နူတ်ခမ်းပါးလေး တစ်စုံနှင့် ရန်တွေ့သန်လွန်းသည့်သူမ ရောက်လာတော့ အားလုံးက ဖွဲ့နဲ့ဆန်ကွဲ။ သူမက အလွန်ချစ်စရာ ကောင်းသည်။ ချစ်စနိုးနှင့် ခိုင်းနှိုင်းရပါလျှင် မွေးကင်းစ ခွေးပေါက်လေးတွေ အသံကြားတိုင်း လိုက်ဟောင်သကဲ့သို့။ သူမက ဆတ်ဆတ်ထိမခံ။ နည်းနည်းလေး စကား မှားလိုက်တာနှင့် ပါးစပ်ပါလက်ပါတွေ ဖြစ်အောင် ရန်ဖြစ်သန်သည်။ သူ့မျက်လုံးထဲမှာ အလွန်ထူးခြားသည့် ပုံစံလေးနှင့် စိန်စီဆိုသော သူမလေးကို ဖျောက်မရအောင် ဖြစ်ခဲ့သည်။ ဒါကြောင့် ငြိမ်းချမ်းရေးရအောင် ယူပြီး လက်ထပ်ဖို့ ကြိုးစားခဲ့ရသည်အထိ သူချစ်မိခဲ့တာ။

သူမစိတ်ကို သူအသိဆုံး။ ကလေးဆန်သလောက် စိတ်ဆတ်လွန်းသည်။ ဒီအဖေနဲ့ ကိစ္စမှာလည်း သူမစိတ်ထဲရှိသလို တွေးထင်သလို ဆုံးဖြတ်နေတာပဲ ဖြစ်မည်။ သူတွက်မိတာ တစ်ခုက အဖေကမလိုက်ချင်တာတော့ မဖြစ်နိုင်။ သို့သော် ကိုယ်ကသမက် ...၊

"အဖေက စိတ်ထဲရှိသလိုပြောတာ ... ခုဆို အသက်ကြီးတော့ ပိုဆိုးတယ်၊

ယောက္ခမတွေ မိသားစုတွေကြားမှာ မျက်နှာပျက်စရာတွေ ဖြစ်ကုန်ရင်ခက်မယ် ... စိန်စီစိတ်ကိုလည်း မောင်သိသားနဲ့၊ ဖြစ်လာရင် သည်းခံနိုင်မှာမဟုတ်ဘူး ...

သူသက်ပြင်းချလိုက်မိရင်း ... ၊

"ဟုတ်ပါပြီဗျာ ... မပြောတော့ပါဘူး၊ မောင်ကအဖေများ လိုက်ချင်နေမလားလို့ပါ ... "

မောင်နဲ့ တွေ့ရင် ဒီလိုစကားတွေ ပြောရတော့မည်ဆိုတာ သိသည်။ ဒေါသတွေ အလိပ်လိုက် ထွက်ရတာ ကြီးကြီးကိုပါ။ ကားဖြတ်သွားတဲ့ ခဏလေးကိုတောင် အလွတ်မပေးဘဲ သတင်း ပေးဖြစ်အောင် ပေးလိုက်သေးသည်။ ဒါ ဘယ်လိုသဘောတွေနဲ့လဲ ...။ မကျေနပ်စရာတွေ တွေးရင်းကနေ အဖေ့ကို သတိရသွားတော့ စိတ်ထဲမှာမကောင်း။ ကိုယ့်ဒေါသနဲ့ကိုယ် နှုတ်ဆက်ဖို့တောင် သတိမရခဲ့။ သင်းတို့တွေ အချွန်နဲ့ပိုင်းမကြလို့ ... ၊

***

အခန်း(၂)

"သေချာတယ် ... ကျွန်မတို့ဝိုင်းပြီး ချွန်တွန်းလုပ်ကြတယ်လို့ တစ်ပြစ်ကြီး တော့မှာ ... "

"ငါလည်း သုတကို ပါသွားစေချင်လို့ပါအေ ... သူ့သမီးနောက်ကို ဘယ်လောက် လိုက်ချင်နေသလဲ နင်လည်းသိသားနဲ့ ... "

ဒေါ်လှလှ ငိုင်သွားသည်။ ကိုယ်တွေ လိုက်စေချင်နေတာက ကိုသုရဲ့ဆန္ဒလေး ပြည့်ဝစေချင်တာပါ။ စိန်စီကတော့ ဒီလိုထင်တာမဟုတ်။ ကိုယ့်အဖေ တစ်ယောက်တည်း ရှိတော့တာတောင် အပြီးလည်း မခေါ်ထားချင် ခဏလေးလည်း မခေါ်ချင်။ ဒီကောင်မလေး ဘယ်လိုတောင် အသိစိတ်နည်းရတာလဲ...။ အကြင်နာနည်းရုံပဲ ဆိုရင်တောင် သားသမီးဝတ္တရား ဆိုတာလေးတော့ သိထားသင့်သည်မို့လား ... ၊

"အခု နင့်အစ်ကိုရော ... "

"ထုံးစံအတိုင်း အခန်းအောင်းနေပြီပေါ့ ... "

ဒေါ်မေသူက အိပ်ခန်းဘက်ကို လှမ်းကြည့်ပြီး ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

"မောင်ကဖြင့် ယောက္ခမ လိုက်လာမယ်ကြားတော့ ပြုံးလို့ကြည်လို့ပါအေ ... "

"မမက ဘာတွေ ပြောလွှတ်လိုက်တာလဲ ... ကြားသုံးကြား မဝင်နဲ့နော်၊ မောင်က စိန်စီကို တအားချစ်တာ ... တော်ကြာ အဒေါ်တွေကိုယ်တိုင်က

တူမ မကောင်းကြောင်း ပြောပါတယ် ထင်သွားလိမ့်မယ် ... "

"ပြောစရာလားဟဲ့ ... ငါက စိန်စီက ခေါ်ချင်နေတဲ့ပုံစံမျိုး နည်းနည်းပဲ ပြောလိုက်တာပါ၊ သူသာ သဘောတူရင် ကန့်ကွက်မဲ မရှိတော့ဘူးပေါ့"

ဒေါ်လှလှ စိတ်မရှည်သည့် မျက်စောင်းက အစ်မမျက်နှာဆီ သတိလက်လွတ် ပြေးလာသည်။ ပြီးတော့ မထိုးဖြစ်ဘဲ နှုတ်ခမ်းထောင့် တစ်ချက် မဲ့သွားကာ ...

"ကန့်ကွက်မဲက မမတူမပဲ ... ဘယ်သူကမှ ကန့်ကွက်မှာ မဟုတ်ဘူး၊ ကိုသုကို မခေါ်ချင်နေတာသူ ... တခြားသူမဟုတ်ဘူး ... "

မောင်က အိမ်ကိုရောက်လာတိုင်း စားသောက်စရာတွေပါလာသည်။ ဦးသုတအတွက် အသုံးအဆောင်ပစ္စည်း။ ဆေးဝါးကအစ ဖိနပ်အင်္ကျီအဆုံး။ တစ်ခေါက်တစ်မျိုး မပါဘူးဆိုတာမရှိ။ ပြီးတော့ ဦးသုတပြောပြသည့် ရှေးဟောင်းနှောင်းဖြစ်တွေကို နားထောင်သည်။ မပြောဖြစ်ရင်တောင် 'အဖေပြောပြပါဦး ... အဖေနဲ့ အမေ့အကြောင်း' လို့ ဖွင့်မေးပြီး တောင့်တတတ်တဲ့သူ။ တရင်းတနှီး ရှိသလောက် လေးစားမှုလည်းမပျက်။ ထို့ပြင် ဦးသုတကို အိမ်မှာလိုက်နေဖို့ အိပ်မက်တွေ မက်စေခဲ့တာလည်း သူပဲဖြစ်သည်။

"အိမ်မှာ ညအိပ်ချိန်လေးပဲ လူစုံတာအဖေရ ... တစ်နေကုန် ကိုယ့်အလုပ်ကိုယ်လုပ်ပြီး ကိုယ့်လောဘနဲ့ကိုယ် ရှုပ်ထွေးနေကြတာ၊ နေ့ဆိုဖေဖေ တစ်ယောက်ပဲရှိတယ် ... အဖေနဲ့ဆို အဖော်ရမှာ၊ ဟိုမှာလိုက်နေပါလား ... "တဲ့။ သူပြောပြပုံအရ သူ့အဖေကလည်း ကျန်းမာရေးကြောင့် အနားယူနေရတဲ့ အခြေအနေပဲဖြစ်ကာ မတူတာတစ်ခုက ကျန်းမာခဲ့တုန်းက ညွှန်ချုပ်တစ်ယောက် ဖြစ်ခဲ့ခြင်း ...၊

ဒါကိုလည်း မောင်ကထည့်သွင်း ပြောပြသွားတာမဟုတ်ဘဲ သမီးဖြစ်

သည့်စိန်စီက ...

"ပညာတတ်နဲ့ပညာမဲ့က စကားပြောသွားတာ ကြည့်ရင်သိသာတယ် ... စိန်စီက အဖေ့ကို ချိုးနှိမ်ပြောတာ မဟုတ်ဘူး၊ သူများက အကဲခတ်ပြီး အဲ့လိုစကားမျိုး ထွက်လာမှာစိုးလို့ ... " တဲ့။ ပြီးတော့ ကြားကောင်းအောင်ပြောရှာသေးသည်။

"ကိုယ့်အဖေကို ကိုယ့်ဘာသာ မလေးစားမိတာ ရှိရင်ရှိမယ် ... သူများစောင်းကြည့် တာတောင် မကြိုက်ဘူး၊ အဲဒါကြောင့် အိမ်ကိုမခေါ်ချင်တာ ..." ဆိုသည့် အကြောင်းပြကောင်းတွေ..၊

"ကဲ ... ထိုင်စဉ်းစားနေလည်း အပိုပဲမမ၊ ဒီတစ်ခေါက်လာရင်တော့ မမကို အိမ်ပေါ်က နှင်ချတော့မှာ ကျိန်းသေနေပြီ ... ကိုယ့်ဘာသာ နေရာရှာထားဖို့ စဉ်းစား၊ ကျွန်မကတော့ ဖုန်းတောင် ဆက်ထားပြီးပြီ ... တစ်ခုတော့ရှိတယ် နော်၊ ကျွန်မနဲ့မမ လိုက်နေရင်ဖြစ်တယ် ... ဒါပေမဲ့ မမသားတွေနဲ့ တော့မဖြစ်ဘူး ..."

"ဟဲ့ ... ငါက ဘယ်သွားရမှာတုံး၊ အိမ်ငှားစရာပိုက်ဆံမှမရှိတာ ... "

ပြောနေရင်း ဒေါ်မေသူမျက်ရည်တွေ လည်လာသည်။ ပြောမိတာက စေတနာနဲ့ပါ။ တို့ချင်ထောင်ချင်တာလည်း ဘာမှမပါ။ သမီးက မခေါ်ချင်ပေမဲ့ သမက်ကခေါ်ချင်လို့ ပါသွားရင်လည်း သူ့ခမျာ သူ့သမီးနဲ့ နေရတာပေါ့လို့ တွက်မိလို့ ... ၊

"လှလှရယ် ... သုတရှိနေလည်း နင်ချည်းပဲ ဒိုင်ခံပြုစု၊ နင်ပဲ ကျွေးထားတာ ငါက ဘာဖြစ်လို့ မနေစေချင်ရမှာလဲ ... "

ငိုသံပါနဲ့ပြောလိုက်တော့ ဒေါ်လှလှ စိတ်မကောင်း ဖြစ်သွားမိသည်။ မောင်နှမသုံးယောက် ထဲမှာ အကြီးဆုံးအစ်မကြီးပါ။ အသက်ကြီးမှ ဒုက္ခ

တွေများနေရသဖြင့် သူ့သားတွေ အချိုးမပြေ တာတောင် နေရာတကာ မ ပြောမိအောင်နေခဲ့ရတာ။ ခုလို မျက်ရည်ကျရှာတော့ ရင်ထဲမှာမကောင်း။ ထိုစဉ် ဦးသုတ အတွင်းဘက်ကနေ ထွက်လာသည်။ ပြီးတော့ ဒေါ်မေသူတို့ လှည့်ကြည့်လိုက်သည့် နေရာမှာပဲ ရပ်လိုက်ကာ ... ၊

"ဘာတွေပြောနေကြတာလဲ ... ကျွန်တော်လည်း မသွားပါဘူး၊ မမတို့ လည်း ဘယ်မှသွားစရာ မလိုဘူး ... ကလေးက မိုက်တာကို မိုက်တဲ့သူ အပြစ်ရအောင် လုပ်နေကြတာလား ... "

ဦးသုတရဲ့ စကားတွေက ဘာမှမဖြစ်ခဲ့ မဟုတ်ခဲ့သလိုမျိုး။ ဒါပေမဲ့ မျက်လုံးထဲမှာ ငွေ့ရည်ဖွဲ့နေသည်။

သမီးလေးက သူ့အမေနဲ့တူတာပါ။ မတူတာလေးတွေရှိပေမဲ့ တူနေတာ လေးတွေ ကျတော့ သူ့အမေအတိုင်း။ စိန်က အနေအေးသည်။ ဒါပေမဲ့ စိတ်ဓာတ်ပြတ်သားသည်။ လူကုံထံ အသိုင်းအဝိုင်းက ဖြစ်ပေမဲ့ ထောင်လွှားသည့် မာန်မာနမျိုးမရှိ။ ထို့ပြင် သူမရဲ့ ထူးဆန်းသော စိတ်ဓာတ် အယူအဆကြောင့် မိသားစုထဲမှာ သူမက သင်းကွဲတစ်ယောက်လို ဖြစ်နေခဲ့ သည်။

နှစ်ယောက် ဆုံစည်းခဲ့ချိန်မှာ သုတဆိုသော လူတစ်ယောက်သည် ...

***

## အခန်း(၃)

နံရံလေးတစ်ဖက် ခြားနေသည့် အခြေအနေဖြစ်သည်။ စိန်က ဒါရိုက်တာနဲ့ စကားပြောနေတာ ဖြစ်ကာ သုတက တစ်ဖက်မှာရှိနေခဲ့သည်။ ရုပ်ရှင်အဖွဲ့တွေက သူ့ကိုဆို အပျော်သက်သက် အနိုင်ကျင့်ဖက်ကြီး ဖြစ်နေခဲ့ရာ ... ၊

"မင်းဆေးလိပ်ကြီးက နံလိုက်တာကွာ ... လွှင့်ပစ်လိုက်စမ်းပါ ... "

"ဟာ ... မလုပ်ပါနဲ့ဗျ ... "

စကားသံတွေ ကြားလိုက်ရသည်နှင့် မရှေးမနှောင်းမှာ စိန့်ခြေထောက်နားကို သနပ်ဖက်ဆေးလိပ်တို တစ်ခု ဖုတ်ခနဲကျလာသည်။

"အဲဒါ မီးတွေနဲ့..."

သူ့အသံပဲဖြစ်ကာ ဆေးလိပ်နောက်ကို ကျွမ်းထိုးလိုက်၏။ ထိုအခါ စိန့်ရှေ့ကို သုတသည် ဝမ်းလျားမှောက်သလို ဖြစ်လျက် ... ၊

"အပူလောင်သွားပြီလား ... "

စိန့်ကိုမေးတာမဟုတ်။ သူ့ဘာသာ စိန့်ခြေထောက်ပိုင်းကို ဟိုပုတ်ဒီခါနှင့် ခြေဖျားကိုလည်း ထိမိ။ ထဘီအနားစတွေလည်း ဝေ့ခါသွားကာ ...၊

"ဟိတ်ကောင် ... ဘာလုပ်တာလဲ ... "

နှစ်ယောက်က ပြေးလာပြီး သူ့အင်္ကျီကုပ်ပိုးစကို မနိုင်မနင်းဆွဲမထူ၏။

"ဗြဲး ... "

ရုပ်အင်္ကျီအညိုရောင်၏ ပခုံးစက ဗြဲခနဲ ပြဲထွက်၏။ အဖြစ်အပျက်

တို့သည် ဘာဖြစ်နေတာလဲ ကြည့်နေတုန်းမှာ ဆက်တိုက်ကြီး ဖြစ်သွားခဲ့တာဖြစ်လျက် ... ၊

"ပေါက်စ ... လွှတ်လိုက် ... "

စိန်တားဆီးလိုက်မှ ရုပ်ရှင်အဖွဲ့က နှစ်ယောက်က လက်လွှတ်သည်။

"သူ့ဆေးလိပ် ဘယ်သူ လွှတ်ပစ်လိုက်တာလဲ ... "

ပရိဂျူဆာမမ၏ မေးခွန်းကြောင့် ထိုနှစ်ယောက် မျက်နှာတွေ ပျက်ကုန်သည်။ ခေါင်းတွေငုံ့သွားပြီးမှ ... ၊

"ဆွဲယူရုံပါ ... သူက လက်ရှောင်လိုက်လို့ လွှင့်ပစ်သလိုဖြစ်သွားတာ ... "

"ဟာ ... ဟော့ မဟုတ်တာမပြောနဲ့ လေ၊ မင်းလက်နဲ့ လွှင့်ပစ်လိုက်တာကို ... "

သုတက လက်ညှိုးထိုးပြော၏။ ပြီးတော့ ဒီဘက်လှည့်၍ ဆက်ပြောဖို့ ပြင်လိုက်သော တိုင်တည်ချင်သည့် စကားလုံးတို့သည် ... ၊

"ကျ... ကျွန်တော် ... "

သူဘာတွေပြောမိမှန်း မသိတော့။ သူမသည်လှ၏။ စူးတောက်နေသည့် မျက်ဝန်းလေးတွေမှာ တိုစိပ်စိပ် ကော့နက်သော မျက်တောင်လေးတွေ ဝန်းရံနေကြသည်။ အပေါ်အောက် အထူအပါးညီသည့် နှုတ်ခမ်းသားလေးတွေမှာ ဆိုးထားသည့် နှုတ်ခမ်းဆိုးဆေး၏ အရောင်က အုတ်ခဲကျိုးရောင် နု နု ၊

သို့သော် ရုတ်တရက် ငေးမောသွားမိခြင်းမှာ သူ့စိတ်အာရုံကို လွှတ်မထားဖို့ ဘဝက သတိပေးလာသည်။ မျက်နှာကို ချက်ချင်းငုံ့ပစ်လိုက်ပြီး အများနည်းတူ လေးစားခြင်းကို ပြရသည်။ သူမက "စိန်ရုပ်ရှင်ထုတ်လုပ်ရေး၏ ပရိဂျူဆာမမ။ သူမ နာမည်က စိန်ပဲဖြစ်လေသည်။ အသက်သုံး

ဆယ်ခန့် ယဉ်စစ မဟာဆန်သောအလှနှင့် ခပ်တွန့်တွန့် ဆံပင်အခွေလေး တွေက ကျောတစ်ဝက်ခန့်ကျ၏။

စာလည်းမတတ် ငွေကြေးမဲ့နေဆိုတာ နတ္ထိ။ မိဘမဲ့ ဉာဏ်နည်း တစ်ယောက်၏ ခွန်အားမဲ့ နှလုံးသားတို့သည် ထိုခဏလေးအတွင်းမှာပဲ သူမရဲ့ ခြေတော်ရင်းမှာ ချခင်းနင်းလျှောက်ဖို့ အသင့် ခယဝပ်စင်းရှိနေခဲ့ပြီး ... ၊

"သူတို့ကိစ္စဝင်ပါမနေနဲ့ စိန် ... ဘာမှ အရေးမပါတာကို ... "

ထိုစကားကို ဝင်ပြောလိုက်သူက စိန်နှင့်စေ့စပ်ထားသည့် သူဌေးညီဇော်။ သူမက ချိုသည် ခါးသည်ပြန်မပြောခဲ့ပါ။ သို့သော် ထိုနေရာက ကိစ္စသည် ကားပါးကင်ရောက်ကာမှ တစ်ကနေ ပြန်စခဲ့ကြပြီး ... ၊

"အရေးပါတာ မပါတာကို စိန့်ဘာသာဆုံး ဖြတ်နိုင်တယ်ဇော် ... အဲဒီ ဆေးလိပ် စိန်ရှေ့ ရောက်မလာခင်တည်းက ဘာဖြစ်နေကြသလဲဆိုတာ စိန် ကြားတယ်... သူငယ်ချင်းတွေဆို ဒါဘာမှ မဟုတ်လောက်ပေမဲ့ ခုဟာက ဆင်းရဲနိမ့်ကျတဲ့လူကို အနိုင်ကျင့်တာ ... "

စိန့်အသံလေး ကြားလိုက်တာနှင့် မနိုင်မနင်း သယ်ပိုးလာခဲ့သည့် ပစ္စည်း တွေကို တစ်ထောက်ချ နားရင်း နားစွင့်ထားမိသည်။ သူသည် လူသွားလမ်း ပေါ်မှာ ရှိနေကာ သူမတို့က သူနှင့် ကားနှစ်စီးခြားရဲ့ တစ်ဖက်မှာဖြစ်လျက် ... ၊

"ဒီကောင် ဘယ်လိုအဆင့်အတန်း ဆိုတာ ဘယ်တုန်းက သိလိုက်တာလဲ ... ကိုယ်မြင်တာတော့ သူ့ကို ခုမှတွေ့ဖူးတာပါ၊ မုတ်ဆိတ်ကျင်စွယ် ငုတ်တို ငုတ်စနဲ့ အဝတ်ဝတ်တာ မသေသပ် ... နေထိုင်ပုံက အဆင့်မရှိ၊ စိန် သူ့ အကြောင်း စုံစမ်းထားလိုက်တာတော့ မဟုတ်ပါဘူးနော် ... "

"ဟုတ်တယ် ... စုံစမ်းမှသိမှာပေါ့ ... "

ကြားလိုက်ရတော့ ရင်ထဲမှာ ဟာခနဲ ပျော်သွားသည်။ သူပျော်သင့်ရဲ့လား ဆိုတာမသိ။ သူမရဲ့ ဂရုစိုက်မှုတစ်ချက်က အတိမ်အနက် ဘယ်လောက်ဆို တာ မခွဲခြားနိုင်။ ချစ်မိသည့်စိတ်က ရူးသွပ်မိုက်မဲစွာ တည်လေသည်။

ကျွန်တော်က အညတရပါ ... ဒါပေမဲ့ ...

"ဟိတ်ကောင် ... ဒီမှာ ဘာလုပ်နေတာလဲ ... "

"ကျွန်တော် ... "

သူပစ္စည်းတွေ ကောက်ကိုင်ရမလား ... ဖြေရှင်းရမလား ဘာလုပ်ရမှန်း မ သိလိုက်ခင် ခေါင်းနောက်စေ့ကို ရိုက်ချလိုက်ခြင်း ခံရကာ ...

"ဘုန်း"

"အောင်မယ်လေး ... သုတ သုတဘာဖြစ်တာလဲ ... "

"ကိုသုရေ ... "

ဦးသုတ ရေစည်ဘေးမှာ တုံးလုံးကြီးလဲ ကျသွား၏။ ဒေါ်မေသူက လှမ်း မြင်လိုက်ကာ ထမင်းစားမလို့ ခူးလာသည့်ပန်းကန်ကို ဘယ်ပေါ်ဘယ်လို ချခဲ့မှန်းမသိဘဲ အိမ်ရှေ့ပြေးဆင်း၏။ ဒေါ်လှလှက ပိုက်ဆံရေနေရင်း ဒီ တိုင်းပစ်ချခဲ့ပြီး ဆိုင်လေးပေါ်ကနေ ဆင်းလာသည်။ ဦးသုတ ရုတ်တရက် ဘာမှမသိ။ နာကျင်သွားသည့်ခေါင်းရယ် ခြေထောက်ရယ်မှာ ခံရခက်သည့် ဝေဒနာ ဖြစ်လာတာကို သိသည်။ သို့သော် သူ့နှလုံးသားက ခံစားနေခဲ့သည့် သာယာဖွယ်တို့က ဦးနှောက်ထဲမှာ စီးဆင်းနေကြဆဲ ... ।

စိန် ...

စိန့်မျက်နှာလေးကို သူမြင်နေသည်။ အေးစက်သည့်အပြုံးတို့ ခိုတွယ်နေ တတ်သည့် နှုတ်ခမ်း။ နူးညံ့နေသည့် မျက်ဝန်းလေးတွေ နေရာတကာ ပြတ်သားတတ်သလောက် သူ့အပေါ်မှာဆို ငဲ့ညှာစာနာမှုတွေသာ

ရောက်လာတတ်သည့် စကားသံတွေ။ ထိုအရာအားလုံးမှ လွဲ၍ ...

"ကိုသု ... "

"မောင်လေးရေ ... သုတ မောင်လေး၊ သတိထားပါဦး ... "

"ဟဲ့ ... မေသူရေ၊ ဘာတွေဖြစ်ကြတာတုံး ... "

ပတ်ဝန်းကျင်ကပါ လှမ်းအော်မေးလာတဲ့အထိ၊

"ပန်းပင်ရေလောင်းနေတာပဲ ဆိုပြီး ကြည့်နေလိုက်တာပါ မအေးရယ် ... အုန်းခနဲ အသံကြားလိုက်မှ လှမ်းကြည့်မိတာ၊ မောင်လေး ... မောင်လေး၊ ခေါင်းမှာလည်း သွေးတွေနဲ့ လုပ်ကြပါဦး ... "

***

အခန်း(၄)

"ခြေထောက်တစ်ဖက် ထိခိုက်သွားတယ်ဆိုတော့ ထိုင်မလွယ်ထမလွယ်နဲ့ မောင်တို့နားမှာပဲ ခေါ်ထားသင့်တယ် စိန်စီ ... ဒီမှာဆို လူကြီးချင်း ရိုင်းပင်း နေရမှာ အကုန်လုံး ပင်ပန်းကြမယ် ... "

"အဲ ... အဲဒါ...."

"ဟလို ... မေမေ ... "

စိန်စီ ဘာမှမပြောရသေးခင် မောင်ကအိမ် ကိုဖုန်းခေါ်နေပါပြီ။ ဒေါ်လှလှ ကလည်း အနားကပ်လာကာ ... ။

"ညည်းမခေါ်ချင်ရင် ငါတို့ဝိုင်းပြောလိုက်မယ်လေ.... ကိုယ့်အဖေကို ခေါ် သွားပြီးမှ ငြိုငြင်နေမိရင် ညည်းအပြစ်ဖြစ်မယ် ... "

ခပ်လှမ်းလှမ်းမှာ ဖုန်းပြောနေသည့် မောင့်ကို လှမ်းကြည့်ပြီး စိန်စီက အသံနှိမ့်ကာ

"ဒီအခြေအနေ ရောက်ကာမှ အသံကောင်းဟစ်မနေပါနဲ့ ... ကာယကံရှင် ကိုယ်တိုင်က အဲ့လိုဖြစ်အောင် တမင် လုပ်လိုက်တာလားလည်း မသိ"

"ဘယ်လိုပြောလိုက်တာလဲစိန်စီ ... ညည်းအဖေ ခုမှသတိရလာတာနော် ... "

စိန်စီလည်း အဖေ့ကိုပြောချင်လို့မဟုတ်ပါ။ အိမ်ကိုခေါ်ရမည့်အဖြစ်ကိုပဲ မလိုချင်တာဖြစ်ကာ ဘယ်လို အခြေအနေကြောင့်ပဲ ဖြစ်ဖြစ် ဒီလိုဖြစ်လာရ တာကို မကျေနပ် ...

"စိန်စီ ... ရော့ မေမေက မင်းနဲ့ ပြောချင်လို့တဲ့ ... "

ဟင် ...

စိတ်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။ မောင်က ဖေဖေ့ကို အိမ်ခေါ်လာဖို့ ပြောနေတာ စိန်စီနဲ့ ပြောမယ်ဆိုတော့ ဘာပြောချင်လို့လဲ ... ။

"ရော့လေ ... ပြောလိုက်ဦး ... "

ဖုန်းသည် သူမရှေ့မှာ ကိုက်တတ်သည့် သတ္တဝါတစ်ကောင်လို ...

"ဟလို ... "

"စိန်စီ ... ညည်းအဖေကို ခေါ်လာမလို့ဆို ... "

"ဟုတ် ... အဲဒါ ... "

"ခေါ်လာလို့ ရတယ်လေ ... ရပါတယ်လို့ ပြောနေတာကို ညည်းယောက်ျားက ဖုန်းပြောပါဦး ဆိုလို့ပေ့ါ၊ မိဘကိုခေါ်တာ ငါတို့က မကြည်ဖြူရင် မိဘချင်းမစာနာသလို ဖြစ်သွားမှာပေ့ါ ... ခေါ်လာခဲ့ ခေါ်လာခဲ့၊ အခန်းပြင်ထားပေးမယ် ... ဟုတ်ပြီလား ... "

ရင်ထဲကအလုံးကြီး ပြုတ်ကျသွားတာ ဝုန်းခနဲတောင် မြည်သွားသလားမသိ။ သို့သော် တကယ်ခေါ်စေချင်တဲ့ လေသံမျိုး ဟုတ်ရဲ့လားလို့ ပြန်တွေးမိသေးသည်။ ပြီးတော့ နောက်က စကားသံ သဲ့သဲ့ကြားလိုက်တာ မမိုးအသံများလား ...။ အစ်ကိုအကြီးဆုံးရဲ့ မိန်းမ သံလွင်မိုး ...။ သူမက အလှကုန်ပစ္စည်း ထုတ်သည့် ကုမ္ပဏီမှာ ကိုကိုဇော်နဲ့အတူ ဦးစီးတာဖြစ်ကာ စကားပြော နည်းသလောက် ပြောသည့်စကားတိုင်းက အိမ်မှာ အရာဝင်သည်။ မမိုးတစ်ခုခု ပြောလိုက်တာ ကောင်းတာဖြစ်ပါစေလို့ တွေးရင်း စိတ်ကိုတုံးတုံး ချလိုက်မိသည်။ အဖေ့ကိုခေါ်သွားတော့မည်။

"လုပ်မနေနဲ့ကြီးကြီး ... ဟိုမှာအားလုံး ပြင်ထားမှာ၊ အဖေလိုချင်တဲ့ သူ့

ပစ္စည်းလေး တွေလောက်ပဲ သေချာ ထည့်လှျိုပေးလိုက်ပါ ... "

ကိုယ်ကတွေးနေတုန်း ရှိသေးသည်။ ပစ္စည်းတွေ ထုပ်ပိုးကြနှင့် ပြင်ဆင်နေကြတာ တကက်တက်ကြွကြွ။ စိန်စီဖုန်းကိုင်ရင်း အခန်းထဲ ပြေးလိုက်သွားမိကာ ... ။

"အဖေနော် ... ကြောင်တော့ခေါ်လို့မရဘူး၊ အဲဒါလုံးဝပဲ ... "

အိပ်ရာပေါ်မှာ တစ်ကိုယ်လုံး ရွှေရောင်သန်းနေသော ကြောင်လေးပိုက်၍ ထိုင်နေသော ဦးသုတ မျက်နှာပျက်သွားသည်။ ပြီးတော့ ကြောင်ကို ရင်ဘတ်နဲ့ထိနေအောင် တိုး၍ ဖက်ထားလိုက်ပြီး ... ။

"ရွှေညိုက အဖေနဲ့နေလာတာ ကြာပြီလေ သမီးရဲ့ ... သူ့ကိုတော့ ... "

"အဖေနဲ့နေလာတာကြာတဲ့ လူတွေလည်း ရှိကြတာပဲ အဖေ ... ဒါပေမဲ့ အခု သူတို့နဲ့ခွဲပြီး တစ်နေရာ သွားရတော့မှာမို့လား၊ အသက်လည်းကြီးနေပြီ ... တရားနဲ့ကြည့်စမ်းပါ အဖေရယ်၊ ပေး ... အဲ့ကြောင် ..."

စိန်စီရှေ့တိုးလိုက်တာနှင့် ဦးသုတက ကြောင်ကိုပို၍ ဖက်ထားလိုက်သဖြင့် ကိုယ်ပဲ အတင်းအကျပ် ဆွဲယူရတော့မလို ဖြစ်သွားကာ ... ။

"အဖေရယ် ... တိရစ္ဆာန်ဆိုတာ လူတိုင်းချစ်တာ မဟုတ်ဘူးလေ၊ ဒီမှာဆိုရင် ဒေါ်လေးတို့ ကြီးကြီးတို့ ရှိနေမှာဥစ္စာ ဘာမှမပူရဘူး ... "

"မဟုတ်ဘူးလေ သမီးရယ် ... သူက ... "

"သူဘယ်လောက် ကောင်းတာတွေစားမလဲ ... စိန်စီ ပို့ထားပေးပါ့မယ်၊ ခေါ်ဖို့တော့မဖြစ်ဘူး"

ဦးသုတ ကြောင်ကိုငုံ့ကြည့်သည်။ ရွှေညိုကလည်း သူ့အတွက် ဖြစ်နေကြမှန်း သိနေသည့်နှယ် ဦးသုတရင်ခွင်ထဲမှာ ဇက်လေးပါ ပုဝပ်ထား၏။ မကြာခင် ဖက်ထားသည့် လက်တွေကို ဖြေလျှော့ပေးလိုက်တော့မလို ထင်ပြီး

ခဏစောင့်နေမိပေမဲ့ ကြောင်ကို ခေါင်းလေးပွတ်ပြီး မော့လာသည့်မျက်နှာက တောင်းပန်နေသည့် မျက်ဝန်းတွေနှင့် … ၊

"အဖေကလည်း သူ့ကို မခွဲနိုင်လို့ပါသမီးရယ် … "

"ဟား …"

"သူကလေ … သမီး ယောကျ်ားရသွားတဲ့နေ့ကပဲ အိမ်ကိုရောက်လာတာ … "

"ခေါ်သွားပေးလိုက်ပါ စိန်စီရယ်… သူ့ခမျာ ဒီကြောင်လေးနဲ့ပဲ အဖော်လုပ်နေရှာတာ"

ဝင်ပါတိုင်း အပြောခံနေရပေမဲ့ မပြောဘဲလည်း မနေနိုင်။ သူ့စိတ်ထဲမှာ သားသမီးလိုကို ဖြစ်နေရှာတာ ဆိုတဲ့အထိတော့ မပြောဖြစ်ခဲ့ပါ၊

"အဖော်ရနေပြီဆိုလည်း မလိုက်နဲ့တော့လေ … ကဲ … "

ပြောလို့မကောင်းပေမဲ့ စိတ်တိုနေတော့ ပြောချလိုက်မိသည်။

"ပြောရင် စိန်စီက ရက်စက်တယ်ဖြစ်ဦးမယ် … အခု အိမ်မှာ အတူနေကြဖို့ ခေါ်နေပြီဥစ္စာ၊ ဘာကိစ္စလဲကြောင်က … ဟိုအိမ်က တိရစ္ဆာန်တွေနဲ့ ပွတ်သီးပွတ်သပ် နေတတ်တဲ့လူမရှိဘူး၊ ကိုမောင်မောင်လတ်ကဆို တိရစ္ဆာန်မွေးထိလို့မရတဲ့ အလက်ဂျစ်ရှိတယ် … "

"အဖေ့နားမှာပဲ သူနေမှာပါ … ဟိုလေ အဖေ သူ့ကို အပြင်လုံးဝမထုတ်ဘူး၊ တံခါးဝတောင် မပြူစေရဘူး …"

ထိုစဉ် မောင်အခန်းထဲဝင်လာခဲ့လျှင် … ၊

"ကဲ … ပြီးရော အားလုံးကားပေါ်တင်၊ သွားမယ် … "

မောင်မသိခင် စကားလမ်းကြောင်း ပြောင်းလိုက်သည်။ ကြီးကြီးတို့ မျက်လုံးတွေက ထစ်ခနဲရှိ မောင့်ကို ပြေးပြောချင်နေသည်။ မောင်က ခွင့်ပြု

မှာပဲ ဆိုတာကို သိနေကြသည်။

မျိုးသိပ်လိုက်ရသည့် ဒေါသတွေကတော့ ရင်ထဲမှာ အလိပ်လိုက် အပြွတ်လိုက်ဖြစ်နေပါပြီ။

***

အခန်း(၅)

"အိမ်မှာ လူတစ်ယောက် တိုးလာတယ်ဆိုတော့ အားလုံးနဲ့ မိတ်ဆက်ပေးရအောင် ... ညည်းအဖေကို သွားခေါ်လေ စိန်စီ ...

"အဖေက ...."

စိန်စီ အဖေ့ကိုခေါ်မလာချင်ပါ။ အဖေ့ဘာသာ အေးဆေးနေပါစေပေါ့။ အိမ်သားတစ်ဦး တိုးလာပေမဲ့ ကောင်းကောင်း အပြင်မှာ သွားလာနေနိုင်မယ့်သူလည်း မဟုတ်။ ပြီးတော့ အဖေမမြင်ဖူးသည့် ခေတ်မီပရိဘောဂတွေနှင့် ခန့်ညား ထည်ဝါနေသည့် ဧည့်ခန်းကြီးကို ရောက်လာလျှင် ဒါတွေကို အဖေ လိုက်ငေးတော့မည်။ ဒါမှမဟုတ် အိမ်နေရင်း နှုတ်ခမ်းနီပါးနီတို့ဖြင့် ကျပ်ကျပ်ကပ်ကပ် ပေါင်တိုလေးတွေ ဘောင်းဘီရှည်တွေ ဝတ်နေကြသည့် မချမ်းနဲ့မမိုး တို့ကိုလည်း ထူးဆန်းနေလိမ့်မည်။ အလှကြိုက်သော မိန်းမသားတွေထဲမှာမှ ပို၍အလှကြိုက်သည့် မောင့်ရဲ့ အစ်ကိုလတ် ကို မောင်မောင်လတ်၏ ညတိုင်း ပေါင်းတင်သည့် မက်စ်နဲ့မျက်နှာကို မြင်ရင် လန့်အော်မလား ...

စိန်စီမျက်လုံးက မောင်မောင်လတ်ရဲ့ ပါးစပ်နဲ့မျက်လုံးသာ မြင်ရသည့် မျက်နှာဖြူဖြူဆီ ရောက်သွားသည်။ ပြီးတော့ အားလုံးကို ဝေ့သွားပြီးမှ ယောက္ခမဖြစ်သည့် ဒေါ်မိမိတင် ကိုယ်ပေါ်က အတုံးလိုက် အတစ်လိုက် မြင်နေရသည့် လက်ဝတ်ရတနာတွေဆီမှာ ရပ်၏။ လူချမ်းသာတွေဆိုသည့် အဖေ့ရဲ့ အထင်ကြီးမှုက ဒီဧည့်ခန်းနဲ့ ယောက္ခမကို မြင်လိုက်တာနှင့် ကိုယ့်ကိုယ်ကိုယ် ပိပြားကြွေမွမတတ် ခေါက်ရိုးကျိုးပြီးသား ဖြစ်သွားပါတော့

မည်။ ထို့ကြောင့် လူတွေစုံနေတုန်း အဖေ့ကို ခေါ်ထုတ်လာဖို့ ကိစ္စအတွက် ခေါင်းခါလိုက်မိရင်း ...

"အဖေက ခုမှဆေးရုံဆင်းလာကာစ ဆိုတော့လေ ... "

"ဟုတ်သားပဲမမေရာ ... အဲဒီဘကြီးက ခြေထောက်တော်တော် နာနေတဲ့ပုံပဲ၊ သူတို့ အိမ်ထဲဝင်လာတော့ ကျွန်တော်မြင်တယ် ... ဒါနဲ့စိန်စီ ... "

စကားပြောရင်း စိန်စီဆီရောက်ကာ ... ။

"ညည်းအဖေကို မုတ်ဆိတ်တွေ နှုတ်ခမ်းမွေးတွေ ရိတ်ပေးလိုက်ပါလား ... လူကချောတဲ့ပုံပါ၊ အဲဒါကြီးတွေကတော့ မမိုက်ဘူး ... "

"အို ... ကိုလတ်ကလည်း၊ သူများကိစ္စကို ..."

ဇနီးဖြစ်သည့်ချမ်းမြမြက မာနကြီးသူဖြစ်သည့် အတိုင်း ယောက္ခမ၏ တောင်းဆိုမှုကို စိန်စီငြင်းလိုက်တည်းက နောက်ထပ် ဒီအကြောင်း ထည့်သွင်းပြောကြဖို့ကို ကန့်ကွက်တဲ့ဘက်က ဖြစ်နေသူ။ ပြောပြီးတော့ အားလုံးရှေ့မှာပဲ ယောက်ျားဖြစ်သူကို မျက်စောင်းထိုး၍ ဆတ်ခနဲ လှည့်သည်။ စိန်စီကလည်း ယောက်ျားကို မဟုတ်ဘဲ ကိုယ့်ကို တင်းတာမှန်း သိသည်။

အဖေရောက်လာတာ မောင့်ကြောင့်ပါ။ ဒီအတွက်နဲ့တော့ မျက်နှာ အောက်ချမနေနိုင်ပေ ... ။

"မိသားစုတွေပဲဟာ ... ဘယ်သူ့ကိစ္စဖြစ်ဖြစ် ပြောလို့ရပါတယ် မချမ်းရဲ့ ၊ အဖေ့ကို စိန်စီလည်း ပြောဖို့ စိတ်ကူးထားပါတယ် ... အဖေက အသက်ကြီးမှ ပစ်စလက်ခတ် နေတာတော့ မဟုတ်ပါဘူး၊ သူ့ပါးသိုင်းမွေးနဲ့ နှုတ်ခမ်းမွေးက ငယ်တုန်းကတည်းက ဒီတိုင်းပဲရယ် ... ပြောရင် လွယ်လွယ် နဲ့တော့ ရမှာမဟုတ်ဘူး၊ အဟွန်း ... အဲဒါကြောင့် ပြောဖို့အရှိန်ယူနေရတာ

..."

ချမ်းက ဆတ်ခနဲ လှည့်ကြည့်ကာ အထင်မြင်သေးသလို မျက်ခုံးခပ်တွန့်တွန့် နှင့် ...

"ဆောရီးပဲ ... အဲဒါကြောင့် ငါကလည်း ငါ့ယောက်ျားကို နေရာတကာဝင်မပါဖို့ ပြောနေတာ၊ ဘယ်သူပဲဖြစ်ဖြစ် ကိုယ်နေထိုင်ရှင်သန်ခဲ့တဲ့ နေရာသဘာဝအတိုင်း အသားကျနေမှာပဲလေ ... ဟုတ်တယ်မလား ... "

ပြောပြီး နေရာကနေ ထထွက်သွားသည်။ စိန်စီပါးပြင်လေးတွေ ရဲတက်သွားသည်။ ဒါ တည့်တည့်မတ်မတ် ပစ်ခွင်းသွားတာ ... ၊

"အေးလေ ... သူနေမကောင်းဘူး ဆိုတော့လည်း ထားလိုက်ပါ၊ ကိုကြီးရိပ်သာက ပြန်ရောက်ရင်တော့ ယောက်ျားချင်း အဖော်ရသွားမှာပဲ ... ငါကအားလုံးနဲ့ ရင်းနှီးသွားစေချင်လို့၊ ခုရော ... သူ့ညစာအတွက် ဘာလုပ်ပေးထားလဲ၊ ကိုယ့်ဆီမှာ လာနေတာဆိုတော့ ဂရုစိုက်နော် ...

ယောက္ခမဖြစ်သည့် ဒေါ်မိမိတင်က စကားရောဖောရောတွေ လုပ်ပစ်ပြီး အခြေအနေကို ပြောင်းလဲဖို့ ကြိုးစား၏။ အားလုံးသည် သဘောထား မဆိုးလှသော်လည်း နိမ့်ပါးသူကို အထင်မြင် သေးတတ်သော ဒီမိသားစုတွေရဲ့ သဘောကိုသိလို့ သူမ ...

***

## အခန်း(၆)

"ကြောင်အော်သံ ကြားလိုက်တယ် … နင့်အဖေက ကြောင်ပါလာတာလား …"

အဖေ့အတွက် ဘဲဥချဉ်ဟင်းလေး ချက်နေတုန်း နောက်ကျောက ဝင်လာသည့် ဒေါ်မိမိတင်ကြောင့် လန့်သွားသည်။ သူမ ဘာမှ မချက်ပြုတ်တတ်ဘူးလို့ ပြောထားခဲ့သည်။ သံလွင်မိုးနဲ့ ချမ်းမြမြတို့က မီးဖိုချောင် မဝင်တတ်ဘူးဆိုသည့်နောက်မှာ ကိုယ်လည်းမဝင်နိုင်။ ဒေါ်မိမိတင်က သူစိမ်းလူတွေ ချက်ပြုတ်တာကို မစားချင် … ၊

"သားသုံးယောက်ရှိတော့ သမီးသုံးယောက် ရပြီပေါ့နော် … ဒါပေမဲ့ သမီးတွေက ယောက်ျားတွေနဲ့ တန်းတူထွက်ရှာချင်တဲ့ ဇနီးမျိုးတွေဖြစ်နေတော့ ဘာမှမတတ်နိုင်ဘူး … "

ဒါက သူမလက် လျှော့မှ ပြောတဲ့စကား။ မဟုတ်ရင် မြေနိမ့်ရာ လှံစိုက်စိုက် မစိုက်စိုက် ချက်တတ်တဲ့သူ မီးဖိုထဲဝင်ရမည်သာ။ ထို့ကြောင့် တောက်လျှောက် မသိသလိုမတတ်သလို နေလာခဲ့သည်မို့ … ၊

"သြော် …အမေ့ … "

"ခုနက ကြောင်အော်သံ ကြားသလားလို့ … ဟဲ့ မွှေးလိုက်တာ ဘဲဥမဆလာလေး လား"

အနားကပ်လာပြီး ဟင်းအိုးကို ဖွင့်ကြည့်သည်။ ဒန့်သလွန်သီးနဲ့ အာလူးရယ် ဘဲဥရယ် အဖေ့အတွက် ချဉ်ဟင်းလေးက ဒေါ်မိမိတင် မျက်လုံးတွေကို

တောင် ပြုံးသွားစေတာ နည်းတဲ့လက်ရာမဟုတ် ...

"အဟွန်း ... ညနေကျ အလုပ်ကိစ္စချိန်းထားတာ ရှိတယ်လေ၊ အဖေ့အတွက် တစ်ခါတည်း အခန်းထဲ ထည့်ပေးထားခဲ့မလို့ ... "

"အဲဒီဟင်းက"

"သြော် ... မွှေးလို့လား၊ အစပ်အဟပ် တည့်သွားတာနေမှာ ... ရှိတာလေးနဲ့ ချက်မယ်ဆိုပြီး ဘဲဥချဉ်ဟင်း ချက်နည်းလေး လိုင်းပေါ် တက်ကြည့်လိုက်တာလေ ... အဆင်းအနံ့တော့ အဆင်ပြေသွားပြီနော်၊ အဖေစားရင် ဘယ်လိုဖြစ်လာမလဲပဲ ... "

"ခဏလေး ... ဟင်းမြည်းတာတော့ ဦးဦးဖျားဖျား မဖြစ်ပါဘူး၊ ငါမြည်းလိုက်မယ်လေ ... အရသာလိုရင် တစ်ခါတည်း ထည့်သွားပေါ့ ..."

သေရော ...

ဒေါ်မိမိတင်ကလည်း သံသယဝင်လို့မဟုတ်ပေ။ ဒီဟင်း အရသာလည်း ကောင်းမှာပဲဆိုတာ သိနေသဖြင့် သေချာသိချင်တာမျိုး။ ထို့ပြင် စိန်စီ ချက်တတ်ခဲ့တာ မချက်တတ်ခဲ့တာထက် အခုချက်တတ်နေပြီ ဆိုသည့်အဖြစ်ကိုပဲ ဝမ်းသာအားရကြီး ဖြစ်သွားကာ ၊

"ဟယ် ... ကောင်းတယ်ဟဲ့၊ ငရုတ်သီးစိမ်းလေး ခါးချိုးထည့်ထားတော့ စပ်ဖျဉ်းဖျဉ်း ချိုချဉ်လေး ..."

ဖြစ်ချင်ရာဖြစ် ပြုံးပြုံးရယ်ရယ် စကားရောဖောရောနဲ့ပဲ အဖေ့ဆီ ထွက်လာခဲ့သည်။ အဖေအပြင်ထွက်လာမှာ စိုးသောကြောင့် အခန်းထဲမှာပဲ အားလုံးပြည့်ပြည့်စုံစုံ စီစဉ်ပေးထားခဲ့ဖို့ ကြိုးစားရတာ ဖြစ်သည်။ အားလုံး အခန့်သားနေကြတဲ့အိမ်။ နေလည်းနေနိုင်အောင် ချမ်းသာသည်။ အိမ်ထဲမှာ အလုပ်သမားတွေချည်းပဲ လေးယောက်တောင် ထားနိုင်တာ။ တော်ရုံ

ချမ်းသာရုံနဲ့ ရမလား ... ဒီလိုအိမ်မှာ ချွေးမချက်တာမှ စားချင်ပါသည်ဆို တာ ဘယ်လိုစိတ်နဲ့ အပင်ပန်းခံ ချက်ပြုတ်ပေးရမလဲ ...။ ချွေးမ ကိုယ် တစ်ယောက်တည်းပဲ ရှိနေရင်တောင် ဟုတ်သေးသည်။ ကိုယ့်အဖေအတွက် ပဲ အပင်ပန်းခံနိုင်မှာပေါ့။ ဒီအိမ်မှာတော့ ဘာမှမချက်ပြုတ်ရရေး တို့ အရေးသာ ...

"အဖေ ... အဖေ့ ... "

"ဟေ ... အဖေအိမ်သာထဲမှာ ... "

"နေကောင်းရဲ့လားအဖေ ... စောစောကလည်း အိမ်သာထဲမှာ ..."

"ဟုတ်တယ်သမီးလေး ... အဖေ ခုထိမထွက်သေးတာ ..."

ဟင် ...

စိန်စီ စိုးရိမ်သွားသည်။ ပြင်ဆင်လာသည့် ပန်းကန်ခွက်ယောက်တို့ကို စားပွဲပေါ်မှာ ချထားခဲ့ပြီး အိမ်သာတံခါးရှေ့ အပြေးတစ်ပိုင်း ရောက်သွားပြီး ... ၊

"အဖေ့ ..."

တံခါးကိုကိုင်လိုက်တော့ တံခါးက နိမ့်ဝင်သွားသဖြင့် အထဲမှာ အဖေခပ် ကုန်းကုန်း ရပ်နေတာကို မြင်လိုက်ရ၏။ အိမ်သာ တက်နေပုံလည်း မရ သောကြောင့် တံခါးကိုတွန်းဖွင့်လိုက်ပြီး ... ၊

"ဘာလုပ်နေတာလဲအဖေ ... "

"အဟွန်း ... "

အလွန်ပျော်နေသည့် ကလေးတစ်ယောက်၏ အပြုံးမျိုးနှင့် ချိုင်းထောက် တစ်ဖက်ကို ထိန်း၍ သူမဘက်လှည့်ကာ ... ၊

"သမီးပြထားသလို အဖေဒါလေးနှိပ်လိုက်တာ ရေဆိုးတွေအကုန် ဝုန်းဆို

ကျသွားတာနော် ... အဲဒီရေတွေက ဒီအပေါက်လေးထဲကနေ ဘယ်ရောက်သွားတာလဲ ... "

"ဟင် ... "

စိန်စီ စိတ်လည်းပျက် ရယ်လည်း မရယ်ရက်ဘဲ သက်ပြင်းသာ ချမိတော့သည်။

"တစ်အောင့်ကြာရင်ရော ဒီကန်လေးထဲကို ဘယ်ကရေတွေ ဝင်လာတာလဲ ... "

"ဟိုမှာပိုက်တွေလေ အဖေရယ် ... အဝင်ပိုက် အထွက်ပိုက်တွေကနေ ဝင်တာပေါ့ ... "

"ပိုက်တွေက ရေဘယ်ကရတာလဲ ... "

"သြော်ကဲ ... အိမ်နောက်မှာ ရေစင်ကြီးရှိတယ်လေ၊ အကြီးကြီးပဲ ... အဲဒီကနေ တစ်အိမ်လုံးကို ရေတွေချပေးတာပေါ့၊ သုံးချင်တဲ့ပိုက်ခေါင်းကို လှည့်ဖွင့်ပြီးသုံးရုံပဲ ... "

ဦးသုတ ကျေနပ်နေသည်။ ဒီပစ္စည်း ဒီသဘောရှိမှာပဲကိုလည်း တွေးမိထားသည်။ ဒါပေမဲ့ သေချာမသိခဲ့ပေ။ ဟိုးအရင် ရင်ကုန်မြို့ကို ရောက်လာစကတောင် အလုပ်ကြမ်း အလုပ်တွေပေါပေမဲ့ တချို့အလုပ်တွေမှာ အိမ်သာတက်ဖို့ သွားလိုက်လျှင် ဘိုထိုင်ဆိုသည့် ဒီလိုမျိုးအိမ်သာကြီးတွေပဲ ရှိနေတတ်ကြသည်။ တစ်နေကုန်မသွားဘဲ အောင့်ထားခဲ့ခြင်းဖြင့် ထိုအလုပ်ကို တစ်ရက်သာ ဆင်းဖြစ်ခဲ့တာတွေ အကြိမ်ကြိမ်။ သူများတွေ အလုပ်ရွေးသည်ပဲ ရှိကြသော်လည်း သုတဆိုသည့် လူတစ်ယောက်ကတော့ အိမ်သာရွေးနေရသဖြင့် အလုပ်မမြဲ။ ထို့ကြောင့် သူများထက် ဆင်းရဲသည်။ အများတကာထက် ပင်ပန်းသည်။ ထိုအဖြစ်ဆိုးတွေ့ရှိခဲ့သည့် သမိုင်းကြောင့် ဒီနေ့

သူအဆင်ပြေသွားသည့် အိမ်သာမှာ အနားကမခွာနိုင်။

"ကြည့်စမ်း ... ဒီလိုအိမ်သာမျိုးကို ငါတက်နိုင်တာ င့ါသမီးကျေးဇူးကြောင့်ပါလား..."

ပီတိတွေလည်းဖြစ် သဘောတွေလည်းကျကာ အပေါ့သွားလိုက် ရေချလိုက် ခဏစောင့်ပြီး အပေါ့ထပ်သွားပြီးရင် ရေချ ... ၊

"အဟွန်း ... အဖေအပေါ့တောင် ထပ်သွားလို့မရတော့ဘူး ... "

"အဖေရယ်"

စိန်စီ အဖေ့လက်မောင်းကို လှမ်းကိုင်ပြီး ရယ်မိတော့သည်။

"တော်ပါတော့အဖေရယ် ... လာပါ၊ ဘေစင်မှာလက်ဆေး ... အပြင်ထွက်ရအောင် ၊ အဖေကြိုက်တဲ့ ဘဲဥချဉ်ဟင်းရယ် ငါးခြောက်ထောင်းကြော်ရယ် စိန်စီလုပ်လာတယ် ... ပြီးရင် ရေခဲသေတ္တာထဲမှာ သစ်သီးတွေ ထည့်ပေးထားခဲ့မယ်၊ အခွံခွာရမယ့်အသီးကို အခွံလေးခွာစားနော် ... သွားကောင်းတယ် ဆိုပြီး ဒီတိုင်းကိုက်မစားနဲ့၊ အခွံတွေက အစာကြေလွယ်တာ မဟုတ်ဘူး ... "

"အေးပါ ... အေးပါ သမီးက ဘယ်သွားမလို့လဲ ... "

ဘယ်လိုပြောရမှန်းတောင် မသိတော့ပါ။ ဒေါ်မိမိတင်တို့က ပွဲရုံလုပ်ငန်းနဲ့ကြီးပွားကြတာ ပေမဲ့ လက်ရှိမှာတော့ ကုမ္ပဏီလုပ်ငန်းကြီးတစ်ခု ထူထောင်ထားသည်။

ဒီလုပ်ငန်းထဲမှာမှ သားအကြီးဆုံး ကိုကိုဇော်က ရေမွှေးနဲ့ မိတ်ကပ် ... မောင်မောင်လတ် တို့က ခေါင်းလျှော်ရည်နဲ့ ခေါင်းလိမ်းဆီ။ ကိုယ့်ဘရန်းနဲ့ကိုယ် လုပ်ကြတာဖြစ်ကာ အငယ်ဆုံးဖြစ်သည့် မောင်နဲ့သူမကတော့ ကုမ္ပဏီတစ်ခုလုံးကို ချုပ်ကိုင်ထားသည့် ဘတ်ဂျက် အတွက် မိဘကိုကူညီ

ကြရ၏။

ကိုယ်ပိုင်ခွဲလုပ်ခွင့်မရှိသေးပေမဲ့ သူမကလည်း မလိုချင်ပါ။ ဒေါ်မိမိတင်က အငယ်ဆုံးသားကို အချစ်ဆုံး။ မောင့်ကို နည်းနည်းလေးတောင် မျက်နှာညို မခံနိုင်။ ဘယ်လောက်တောင် ချစ်သလဲဆိုလျှင် သူမသဘောမတူနိုင်သည့် ချွေးမကိုတောင် လက်ခံနားလည်ပေးခဲ့တဲ့ အထိ။ ထို့ပြင် သားရေ့တစ်မျိုး ကွယ်ရာတစ်မျိုးလည်း မလုပ်တတ်ပေ။ ချွေးမချင်း ယှဉ်လာလျှင် တစ်ခါတလေ အထင်သေး စကားလေးတွေ ရောယောင် ညပ်ပါလာတာမျိုး မှ လွဲ၍ ... ၊

"ဟင် ... အဖေ့ကြောင်ရော ... "

"ရှိပါတယ်သမီးရဲ့ ... အိပ်ရာပေါ်မှာ ... "

လှည့်မကြည့်ဘဲဖြေတာ အေးဆေး။ သူမ လှည့်ကြည့်လိုက်တော့ မရှိ။ ကမန်းကတန်း ပြေးသွားပြီး ခုတင်အောက်ကို ငုံ့ကြည့်၊ ခုတင်ကို တစ်ပတ် ပတ်ရှာ။ အိပ်ခန်းက ကျယ်ပေမဲ့ ပစ္စည်းကြောင့် ရှုပ်ကွယ်နေသည့် ချောင်ဆို တာလည်း မရှိ။ မတွေ့လေ ရင်တုန်လာလေ။ ပိုသေချာအောင် ရေချိုးခန်းထဲ ပြန်ပြေးကြည့်လိုက်သေးသည်။ ဒီဘက်လှည့်လိုက်တော့ ဦးသုတလည်း မျက်နှာငယ်နေပြီ ဖြစ်ကာ ...

"အဖေခေါ်ကြည့်လေ အဖေရဲ့"

"အပြင်ထွက်သွားပြီထင်တယ် ... "

စိန်စီ အငေးသား ဖြစ်သွားကာ ... ၊

မဖြစ်ဘူး ...

***

အခန်း(၇)

ထမင်းပွဲဝင်ထိုင်လိုက်တာနဲ့ ရနေတဲ့ ဟင်းနံ့က တခြား။ မြင်ရတဲ့ဟင်းတွေက တခြား။ ချမ်းက ပြောင်းဖူးကြော်ကို ကောက်မြည်းလိုက်ပြီး ဇွန်းကို ခပ်ဖိဖိပြန်ချလိုက်ကာ ...

"ပြောင်းဖူးကြော်က ငန်လှချေလား ... "

ဟင်းပွဲတွေချပေးနေသည့် အေးပုက လှည့်ထွက်သွားပြီးမှ ပြန်လှည့်လာ၏။

"ရှင် ... မမလတ် ... "

"မီးဖိုချောင်ထဲမှာ ဆားရော ကျန်သေးရဲ့လားအေးပု ... နင်ချက်လိုက်ရင် အငန်တွေချည်းပဲ၊ မကုလားမလက်ရာ မကြိုက်လို့ နေရာချင်းလဲပြီး မီးဖိုထဲမှာ ခိုင်းမိပါတယ် ... "

အေးပု လက်ဝါးချင်းပွတ်ပြီး မျက်နှာငုံ့နေ၏။ အိမ်မှာ လူကြီးတွေရော စုံစုံလင်လင် ထမင်းဝိုင်း ထိုင်ကြပါမှ နားအေးပါးအေးပြီးသည်။ မိုးနဲ့ချမ်းသို့မဟုတ် တစ်ယောက်ယောက် ဝင်လာပြီး ပြင်ခိုင်းပြီဆို ဒီအတိုင်း ... ၊

"ကြည့်ပါဦးမမိုးရယ် ... ပြောင်းဖူးကြော်ရယ် အစိမ်းကြော်ရယ် ပဲကြာဆံကြော်မှာလည်း အသီးအရွက်တွေချည်းပဲ၊ ပဲကုလားဟင်းထဲမှာလည်း အာလူးတွေ ခရမ်းသီးတွေ ပလုံစီလို့ ... ငါတို့ကို ဒါတွေကျွေးပြီး ရေခဲသေတ္တာထဲက အသားတွေ ဘယ်သူစားနေတာလဲ ... နင်လား ... "

"မဟုတ်ရပါဘူးမမလတ်ရယ် ... ဒီနေ့ အသီးအရွက်တွေချည်း ဖြစ်နေ

တာက ဘဘကြီး ပြန်လာမယ် ပြောထားလို့ပါ ... နောက်နေ့ဆို ကျွန်မ ကောင်းအောင်ချက်ပေ့ါမယ် ... "

ဦးမောင်လှိုင်က အသားငါးကို မစားတာတော့မဟုတ်။ များသောအားဖြင့် အသီးအရွက် ကိုသာ နှစ်သက်သူဖြစ်ကာ အသားငါးကို အရောအနှော လောက်သာ စားတာဖြစ်သည်။ ယောက္ခမကိုတော့ လေးစားရတာမို့ ချမ်းအသံ ခဏတိတ်သွားသည်။ ပြီးမှ ...

"မကျည်းနှစ် မဆလာဟင်းနဲ့က ဘာလဲ ... "

"ဘဲဥချဉ်ဟင်း ထင်တယ်နော် ... "

မိုးက ဖြည့်စွက်ပြောလိုက်တော့ အေးပုခေါင်းညိတ်ပြသည်။

"အဲဒါက နောက်ရောက်တဲ့ ဘဘအတွက် မမငယ် ချက်သွားတာပါ ... ဘဲဘဲဥနဲ့"

"တော်တော့ ... "

စိန်စီဆို နာမည်ကြားတာနဲ့တင် ဒေါသက အလိုအလျောက်ထွက်၏။ သင်းက ဟင်းမချက်တတ်ဘူး ဆိုပြီး ခုနစ်အိမ်တန်း မနေနိုင်အောင်မွှေးတဲ့ ဟင်းမျိုး ချက်ပြသွားတာ သဘောလဲ ...။ အစတည်းက သံသယဝင်နေတာပါ ...။ ကောင်မလေးတွေ ချက်တာကို သင်းမှာ ဟိုဟာလေးထထည့် ဒီလိုလေးပြင်စား ဒီတိုင်းချပေးထားသလို စားပြီး ထသွားတယ် ဆိုတာမရှိ။ ညလယ်စာ သူများတွေ ခေါက်ဆွဲပြုတ် စားကြရင်ရော ခေါက်ဆွဲထဲ ရေနွေးထည့် အဖုံးပိတ်ထားပြီးစောင့်။ ဒါကလွဲပြီး ဘာမှထည့် မလုပ်တတ်ပေ။ သူမပြင်ဆင်လာသည့် ခေါက်ဆွဲ ဆိုရင်တော့ ဟိုအသီးလေးပါးပါး ဒီအရွက်လေး နည်းနည်း။ ပြီးတော့ ကြက်အူချောင်း၊ တစ်ခါတလေ ပုဇွန်တုပ်အကွေးလိုက် ရဲရဲကြီးတွေတင်လို့ ငရုတ်သီးစပ်စပ် အသီးအရွက် ဂျိုးဂျိုး

ဂျွမ်းဂျွမ်းနှင့် ... ၊

ဒါတွေကို သည်းခံလာခဲ့ရတာကြာပြီ။ အမေပြောမလားလို့ စောင့်ကြည့်သေးသည်။ မျက်နှာတော့ မကောင်းပေမဲ့ ဘာမှ ပြောဖော်ဆိုဖော်မရ။ ယောက္ခမက အေးဆေးတာကို ကျေနပ်ပါသည်။ ချွေးမက ကိုယ်တစ်ယောက်တည်း ရှိရင်တော့ ဟုတ်တာပေါ့ ... ၊

"မမိုး ... "

"ဟင် ... "

အမြဲတမ်းလိုလို မမေးဘဲ မပြောတတ်သည့် သံလွင်မိုးဆိုသော မိန်းမကလည်း တစ်မျိုးတစ်ဖုံ။ အေးဆေးတာမျိုးဆို လေးစားစရာ ကောင်းပေမဲ့ သူမကတော့ ဝမ်းတွင်း လိုက်စားတတ်သည့် အမျိုး။ စိတ်ပုပ်တာတောင် သမာဓိနဲ့ ပုပ်တဲ့သူ ... ၊

"မမိုးကြားလား ... "

"အင်း ... ကြားတာပေါ့ ... "

"ချမ်းမပြောဘူးလား ... သူ့အဆင့်အတန်းမျိုးက အောက်သက်ကျေနေရမယ့် အဆင့်ဆိုတာ ...

"အင် ... "

"သူတမင် ချမ်းတို့ကိုဘက်တိုက်ပြီး မချက်တတ်ဘူး ပြောတာ ... "

"ဟုတ်တော့လည်း တို့က ဘာတတ်နိုင်မှာလဲချမ်း ... ဒါအမေတို့ ပြောရမယ့် စကားတွေလ"

"အမေတို့မပြောရင် အမေတို့ကို ချမ်းတို့ကပြောရမှာပေါ့ ... "

ထိုအချိန်တွင် ကြောင်ပျောက်လို့ ထွက်လာရာသော စိန်စီက ထမင်းစားခန်းရှေ့ကို ရောက်နေပြီဖြစ်ကာ ... ၊

"သူ့အဖေအတွက်ဖြစ်ဖြစ် နတ်သိကြားအတွက်ပဲ ချက်ချက် ဟင်းတစ်အိုး ချက်ပြီ ဆိုရင်တော့ တစ်အိမ်လုံးစာ ချက်ရမှာပေါ့ ... "

ကိုယ့်အကြောင်းပြောနေမှန်း သိလိုက်သဖြင့် ရှေ့ရောက်နေသည့် ခြေလှမ်းကို ပြန်ဆုတ်သည်။ ပြီးတော့ နံရံနား ပိုတိုး၍ နားစွင့်ထားလိုက်မိ၏။

မိုးနဲ့ချမ်းတို့က အစားအသောက်အပေါ် မကျေနပ်ကြပေမဲ့ မစားဘဲလည်း မနေ။ စားနေရင်း ပြောဆိုနေကြတာ ဖြစ်ကာ ... ၊

"မမိုးတွေးကြည့်လေ ... သူချက်တတ် ပြုတ်တတ်သားနဲ့ ဘာမှမချက်ဘူး၊ ကောင်မလေးတွေ ချက်တာကို ခံတွင်းမတွေ့တာ သူတစ်ယောက်တည်းမှ မဟုတ်တာ ... ချမ်းတို့ကိုထားပါတော့၊

အမေဒီလောက် ညည်းညူနေတာတောင် သူနေနိုင်တယ် ... သူပန်းကန်ထဲကိုပဲ ကောင်းအောင် လုပ်စားတယ်၊ ခုကျတော့ အရမ်းများသွားပြီ ... သူ့အဖေအတွက် တစ်ခွက်စာ တစ်ပန်းကန်စာပဲ ချက်တယ်တဲ့၊ အမေ့ကို ကြောင်တောင်တာ မဟုတ်ဘူးလား ... "

"အဟွန်း ... "

စကားပြောရတာ စကားထောက် မကောင်းတော့ ပြောရတာအရသာမရှိ။ သံလွင်မိုး တစ်ယောက် ဆံပင်ရှည်ရှည် အရပ်မြင့်မြင့်လေးမို့ စိတ်ရှည်လွန်းတာလား ...။ ဒါပေမဲ့ လူပုလို့ စိတ်တိုလွယ်တယ် ပြောရအောင် သူမသည် လည်း အရပ်ငါးပေငါးတောင် ကျော်ပါသေးသည်။ ပြောနေရင်း မိုးကို လည်း အားမလိုအားမရ ဖြစ်စရာ တွေးလိုက်မိသေးသည်။

"ချမ်းကတော့ ဒီကိစ္စပြောချင်နေပြီ ..."

"မေမေကြီးသိပါတယ် မမလတ်ရဲ့ ... ဟင်းတောင် မြည်းပေးလိုက်သေး

တယ် ... "

မလှမ်းမကမ်းမှာ ရှိနေသည့် အေးပုကပြောတော့ ပိုဆိုးသွားသည်။ ယောက္ခမက စိတ်ရင်းကောင်းရှိသူပါ။ ဒါလည်း ဒီလိုအခြေအနေမှာတော့ ကြည်ညိုလေးစားဖွယ် မဟုတ်ပေ။ ကိုယ်တွေက ဘယ်သူ့ဘယ်သူကိုမှ တွက်ကပ်ပုတ်ခတ်နေတာ မဟုတ်ပေမဲ့ သင့်တင့်မျှတအောင် လူကြီးက နေရာချပေးရမှာ မဟုတ်ဘူးလား ...။ ပြောကြကြေးဆို အဖေကိုပါ အိမ်ပေါ် ခေါ်တင် ထားရတာ ဘယ်ချွေးမရှိလို့လဲ ...။ မမိုးရော ကိုယ်ရော ဒါကို တစ်ခွန်းမှ ထည့်ပြောခဲ့တာမဟုတ် ... ။

"ချမ်း အမေ့ကိုတော့ မပြစ်မှားချင်ပါဘူး ... ဒါပေမဲ့ ဒီလောက်ထိ ရွေးကွက်ပြီး မျက်နှာသာ ပေးနေတာ မကောင်းဘူးလေ၊ တစ်ယောက်စာတည်း ရွေးကွက်ချက်တာကိုတော့ ... ."

"ဒါက စေတနာနဲ့ ဆိုင်သွားပြီလေချမ်းရဲ့ ...  အမေက တောင်းဆိုဖို့ ခက်မှာပေ့ါ၊ ဒါက ကာယကံရှင် ကိုယ်တိုင်က သိသွားပြီး ပြင်ဆင်မှဖြစ်မှာ ... "

"မမိုးက ဒီတိုင်းသွားရင်လည်း ကျေနပ်တယ်ပေ့ါ ... "

"အဟွန်း ... တို့ကတော့ တိုက်ယူရတာ သိပ်ဝါသနာမပါဘူး၊ စောင့်ကြည့်ရတာ ပိုကောင်းတယ် ... "

မနေနိုင်လို့ ပြောတဲ့သူတွေက ရှိတာကိုး ... သူကတော့ အသာလေး ကောက်စားရုံ သမာဓိ ဘွားတော်ကြီးပေ့ါ ...

နားလည်အောင် ပြောပြလိုက်မှပဲ နားလည်ခွင့်ရသည့် ကိုယ့်ကိုယ်ကိုယ်ပဲ စိတ်တိုမိတော့သည်။ ဒါကို သင်ခန်းစာတစ်ခုလို့ မှတ်ရုံသာ ... ၊ နှစ်ယောက်သား ထမင်းစားပြီးလို့ အပြင်ထွက်ခဲ့ကြသည်။ ဒီလောက် ပယ်ပယ်နယ်နယ်ကြီး ပြောနေကြသဖြင့် အပြင်မှာ စိန်စီကလည်း

ခြေထောက်တွေ သပ်စွဲနေ၏။ အခန်းရှေ့မှာ သုံးယောက်သား မျက်နှာချင်းဆိုင်မိကြကာမှ ...

"သမီးလေး ... စိန်စီရေ"

ဦးသုတ ချိုင်းထောက်တစ်ဖက်နှင့် အပြင်ထွက်လာပုံပေါ်ကာ စိန်စီကို လည်း မတွေ့ဘဲ ဝမ်းသာအားရသံကြီးနှင့် ... ။

"ကြောင်က အခန်းထဲမှာပဲရှိတယ် သမီးလေး ... ဘယ်မှမထွက်ဘူး၊ ငါ့ သမီးတော်တော် လန့်သွားတယ်ထင်တယ်၊ အဖေ တံခါး ပိတ်ထားလိုက် မယ်နော် ... "

စကားသံအရ ကြောင်အပြင် ထွက်သွားမှာ ကြောက်ပြီး စိန်စီ ပြေးလွှား လိုက်ရှာနေရတာကို သူမတို့ ရိပ်မိသွားပြီဆိုတာ သိလိုက်သည်။ မဲ့ပြုံးနှင့် အထင်မြင်သေးသည့် အကြည့်တွေက စိန်စီကိုယ်ပေါ်မှာ စုန်ချည်ဆန်ချည်။ သူမ အဖေ့ကိုပဲ အကြီးအကျယ် စိတ်ပျက်မိလေသည်။

အဖေဘာဖြစ်လို့ ဒီလောက်တောင် ဦးနှောက်နည်းရတာလဲ ... ။

***

အခန်း(၈)

"ဘာဖြစ်လို့ တွဲလာတာလဲ သား ... သားဖေဖေ ဘာဖြစ်လို့လဲ"

"လှေကားအဆင်းမှာ ခြေချော်ထားလို့ မေမေ ... ခြေထောက်နည်းနည်း နာသွားတာ ဘာမှမဖြစ်ဘူး ... "

"စိတ်ပူဖို့ မျက်လုံးတဝင်းဝင်းနဲ့ ဖြစ်မနေနဲ့... ငါဘာမှမဖြစ်ဘူး၊ အတက် အဆင်းလေး တစ်ချက်လောက်ပဲ ... "

ဦးမင်းလှိုင်က ဇနီးသည်အကြောင်း သိသည်။ ကားထဲက ထွက်လာတာနဲ့ ပြေးတွဲပြီး မျက်စိမျက်နှာ ပျက်ဖြစ်နေတာ အပြင်မှာ တစ်ခုခုအကြီးအကျယ် ဖြစ်လာတဲ့အတိုင်း။ ပြီးတော့ ဒေါ်မိမိတင်နောက်မှာ ချွေးမအကြီးနဲ့ သား လတ်တို့စုံတွဲ။ ပြီးတော့ နောက်မှာစိန်စီ။ သူမက ဆံပင်တွေကို အပြောင် သိမ်းပြီး နောက်မှာ စည်းထားသည်။ အနက်ရောင် ဆွဲသားစကတ် အရှည် လေးနှင့် လက်တစ်လုံးကြိုး အနက်လေးကို ဝတ်ထား၏။ ယောက္ခမ ပြန်လာပြီဆိုမှ ကောက်ကပ်စွပ်ချလာပုံ ပေါ်သည့် မီးခိုးရောင်အပေါ်ထပ် လက်ရှည်အပါးလေးသည် ပခုံးတစ်ဖက်မှာ နေရာမကျဘဲ ကပိုကရို။ ကိုယ့် ချွေးမအငယ်ဆုံးကို ကြည့်မိရင်း ဦးမင်းလှိုင်ကပြုံးပြကာ ... ၊

"သမီးအဖေ နေကောင်းရဲ့လား ... "

"ဟုတ်ဖေကြီး ... "

ချွေးမသုံးယောက် တန်းစီရှိနေတာကို ဦးမင်းလှိုင်က ရွှေးကွက်နှုတ်ဆက် သလို ဖြစ်သွားသဖြင့် ချမ်းနဲ့မိုးတို့ မျက်နှာတွေ ပျက်ကုန်ကြသည်။ တစ်

ယောက်ကို တစ်ယောက် လှည့်ကြည့်လိုက်ပြီးမှ အသံတိတ် ပြန်လှဲကြ၏။ သို့သော် အားလုံးက ကိုယ့်အာရုံနဲ့ကိုယ် ဖြစ်နေကြသဖြင့် သူမတို့ကို ဘယ်သူမှ သတိမထားမိခဲ့။ ဦးမင်းလှိုင် တရားစခန်း ပြီးလာတိုင်း အိမ်သားတွေ အားလုံး အလုပ်ရှိကြရင်တောင် တမင်အချိန်ပေး၍ ဆီးကြိုကြတာ ဒီအိမ်မှာ အကျင့်လိုဖြစ်နေခဲ့သည်။ မောင်မောင်လတ်က ဦးမင်းလှိုင် လက်မောင်း တစ်ဖက်ကို ဘေးကနေ ကိုင်ပြီး ခါးကိုပါဖက်ကာ ... ၊

"တို့ဖေဖေက တရားစခန်းမှာ ဘယ်လောက်တောင် အေးချမ်းနေသလဲမသိဘူး ... တစ်ခါပြန်လာရင်တစ်ခါ အသားကို ဝင်းကြည်နေတာပဲ၊ ဖေဖေ့စကင်န်မျိုး ကျွန်တော့်မှာရှိလို့ကတော့ ... ဟား ...

အလှအပကြိုက်တဲ့သူက သူကြိုက်တဲ့လိုင်းကို သူဖော်သည်။

"ဒီလချုပ်စာရင်းတော့ အဖေ့သား အပ်နိုင်ဦးမှာ မဟုတ်ဘူး ..."

အိမ်ထဲဝင်လာတာနှင့် မိုးက စပြောလိုက်တာ အလုပ်ကိစ္စ။ ကိုယ့်လုပ်ငန်း ကိုယ်လုပ် နေကြသည် ဆိုပေမဲ့ လုပ်ငန်းတိုးတက်နှုန်း မငြိမ်သက်သရွေ့ ငွေရင်းကို ပြန်မယူဘဲ ပေးသုံးထားခဲ့သည်။ တကယ်တော့ ပိုရင်ထုတ်ယူလိုရင် ထပ်စိုက်ဖို့ မိဘက ငွေရင်းကို ပြန်မနုတ်ခဲ့တာဖြစ်သည်။ စည်းကမ်း တစ်ခုပဲ တင်းကျပ်ထားခဲ့သည်။ လစဉ် အရင်းအမြတ် စာရင်းကို တင်ပြဖို့ ...၊

"အေးလေ ... အဖေကြားပါတယ်၊ ကိုယ့်ဘာသာ အဆင်ပြေအောင်လုပ်ကြ ... မိသားစုက ပြဿနာမဟုတ်ဘူး ... "

"ဖေဖေ ... ကျွန်တော်တို့ လင်မယားကိုကြည့်၊ အသားအရေကို ဘယ်လောက်ဂရုစိုက် သလဲဆိုတာ ... "

"အဲဒီတော့ ဘာဖြစ်လဲ ... "

"ကိုကြီးကို ကျွန်တော်ပြောနေတာလေ ... တကယ်တော့ ကျွန်တော်တို့ ညီအစ်ကို ပရော့ဂျက် မှားနေကြတာဖေဖေရ၊ ကျွန်တော်သာ မိတ်ကပ်လိုင်း ကိုင်လိုက်ရင် အရမ်းလိုက်ဖက်ပဲ ... ကိုကြီးတို့ကျတော့ ဝါသနာပါတာ မဟုတ်ဘဲနဲ့ စီးပွားရေးသက်သက် လုပ်တာလေ ... ."

"အောင်မြင်နေကြတဲ့ စီးပွားရေးသမားတိုင်းပဲ ဝါသနာပါတာ လုပ်နေကြတာ မဟုတ်ပါဘူး မောင်လတ်ရယ် ... "

မိုးက အေးစက်စက် မျက်ဝန်းတို့ဖြင့် မောင်မောင်လတ်ကို စိုက်ကြည့်သည်။ သူမလေသံအရ စကားဝိုင်းဖွဲ့သလို သာမန်ပြောတာမျိုး ဖြစ်ပေမဲ့ ရင်ထဲမှာ မုန်တိုင်းမွှေနေခဲ့လျက် ... ।

"အလှအပမက်ပေမဲ့ မိတ်ကပ်ဖော်မြူလာ ဆိုတာတောင် စိတ်မဝင်စားဘဲ ... "

"ဩော် ... မမိုးကလည်း ချမ်းတို့က စိတ်ဝင်စားပါတယ် ပြောရင်ရော မမိုးတို့က ချပြမှာမို့လို့လား ... "

"ကဲ ... တော်ပြီလေ၊ ဖအေက ခုပဲပြန်ရောက်တယ် ... "

ဒေါ်မိမိတင် စိတ်မရှည်သံနှင့် ဝင်တားသည်။ ဒီချွေးမနှစ်ယောက် ပူးတွဲနေကြပေမဲ့ နူတ်ဖျားကတစ်မျိုး ဝမ်းထဲက တစ်မျိုးတွေဆိုတာ သူမသိနေသည်။ စိန်စီကျတော့ သူမကိုယ်တိုင်ပဲ သိမ်ငယ်နေလို့လား မသိ။ မဟုတ်မခံ ဆတ်ဆတ်ကြဲလေး ဖြစ်ပေမဲ့ ဒီနှစ်ယောက်နဲ့ နီးကပ် ရောနှောနေတာမျိုးမရှိ။ စိတ်ထဲရှိတာကိုလည်း သိပ်ကြာကြာ မျိုသိပ်မထား။ သူမတို့ကို လုပ်ငန်းသတ်သတ် ခွဲထုတ်မပေးခဲ့တာတောင် စိန်စီတို့ကျတော့ ပိုက်ဆံကိုင်မသုံးရတော့ဘူးလားလို့ ပေါ်ပေါ်တင်တင်ပဲ လာမေးခဲ့တာ ... ။ ဘာပဲဖြစ်ဖြစ် စိန်စီကိုတော့ သူမချစ်ပါ၏။

စိန်စီကတော့ နားမလည်။ ဒီလူတွေ ဆုံကြပြီဆို အပိုစကားတွေ အတော်ပါသည် ဟုတွေးကာ ဖေကြီးအဝတ်သေတ္တာကို အခန်းထဲတွန်းယူခဲ့ပြီး အနားက ခွာခဲ့လိုက်သည်။ ပြီးတော့ အိတ်ကိုဖွင့်၍ အဝတ်ဗီရိုထဲ ထည့်ဖို့ ပြင်လျှင် ... ။

"စိန်စီ ... "

မောင်က အခန်းထဲ တောက်လျှောက်ဝင်လာကာ စိန်စီကိုင်ထားသည့် အဝတ်ထပ်ကို ပြန်ဆွဲယူ၏။ ပြီးတော့ သေတ္တာထဲကို ပြန်ပစ်ထည့်လိုက်ပြီး လက်ကိုဆွဲ၍ ... ။

"ဒါ ကောင်မလေးတွေ လုပ်လိမ့်မယ် ... ထားခဲ့ ..."

"မထားခဲ့ပါဘူး ... တစ်ခုခုလုပ်မနေရင် ဟိုမှာ လူစုလူဝေး လာမလုပ်လို့ ဆိုပြီး အပြောခံ ရဦးမယ် ... "

"ဘယ်သူပြောတာလဲ ... "

ပြောမယ့်သူမရှိပါ။ ဒါပေမဲ့ ပြောအောင် တို့ထောင်ပေးမယ့်လူတွေက အဆင်သင့်။ ဖေကြီးပြန်လာပြီဆို ခရီးက ပြန်လာတာဖြစ်ဖြစ် တရားရိပ်သာက ဖြစ်ဖြစ် စိန်စီက ဝန်စည်စလယ်ကို အရင် ပြေးဆွဲတတ်သည်။ ဒါကို လက်ဆောင် လိုချင်လို့လို့ပြောတာ ဘယ်သူခံနိုင်မလဲ ... ။ ကိုယ့်မိဘနဲ့ ဆိုရင်တော့ အစတုန်းက သူမကလည်း တကယ်ဟုတ်ခဲ့သည်။

အိမ်ထောင်မကျခင်အချိန်ထိ အဖေအလုပ်က ပြန်လာရင် အဖေ့လက်ထဲမှာ ဘာပါလာသလဲ ဘာမုန့်လဲဆိုတာကို အရင်စိတ်ဝင်စားသည်။ ဘာမှဆွဲလာတာ မမြင်လျှင် အင်္ကျီအိတ်ကပ်ထဲ ပြေးနှိုက်တတ်တာ အကျင့်။ မောင့်အဖေဆိုပေမဲ့ ကိုယ့်အဖေနဲ့ ဝေးနေရသည့် အချိန်လည်း ဖြစ်တော့ မသိစိတ်က အဖေ့ကိုလွမ်းနေသမျှ ဖေကြီးကို သူမအဖေလိုပဲ ချစ်သည်။ ဖေကြီးရဲ့

အိတ်ကို ပြေးဆွဲခဲ့တာလည်း ငယ်ငယ်တည်းက စွဲနေခဲ့သည့် အကျင့်အတိုင်းပင်။ ဒါပေမဲ့ ချစ်တာခင်တာ တွေလည်း ရှင်းပြမနေချင်တော့ပေ။ သူတို့တွေ ဘာကိုသဝန်တိုနေမှန်း မသိပေမဲ့ သူတို့ပြောလို့တော့ ကိုယ့်ခြေလှမ်းကို နောက်မဆုတ်နိုင်ပါ။ ထို့ကြောင့် ကိုယ်လုပ်နေကျအတိုင်းပဲ လုပ်သည်။ လုပ်နေပေမဲ့ ခြေလှမ်းသည်ရှေ့ကို တိုးနေသည့်တိုင် စိတ်က နောက်မှာ ကျန်ခဲ့ရကာ ... ၊

ဒီမိန်းမတွေနေတော့ ဆရာမကြီးတွေအထာနဲ့။ ဘာဖြစ်လို့များ ဒီလောက်တောင် လိုက်ကြည့်နိုင်ရတာလဲ ဆိုသည့် တနုံ့နုံ့အတွေးက မပျောက်။ ဖေကြီးနဲ့အမေ့ကိုရော ကိုကိုဇော်နဲ့ ကိုမောင်လတ်ကိုပါ ရင်းနှီးစိတ်ဖြစ်သည်။ ခင်လည်းခင်နိုင်သည်။ သူမတို့ကို ဘယ်လိုမှခင်လို့မရ။ ဒီကြားထဲ ညီအစ်ကိုသုံးယောက်မှာ ကိုယ်ပိုင်လုပ်ငန်းတွေနဲ့ နှစ်ယောက်က မျက်နှာပေါင်းတင်ချိန် ပါတီတက်ချိန်တွေ ရှိကြသေးသည်။ ကိုယ့်ယောကျ်ားက 24 hours run နေရတာ နိုင်ငံတော် သမ္မတတောင် သူ့လောက် အလုပ်ရှုပ်မယ် မထင်။ အတွေးနဲ့အတူ မျက်လုံးက မြားတစ်စင်းလို ရောက်၏။

"ဘယ်သူပြောပါတယ် ဆိုတော့ ဘာလဲ ... လက်သီးနဲ့ ပြေးထိုးမှာလား ..."

"ဟ ... ပြေးထိုးချင်အောင် ငါ့မိန်းမမှာ ဖြစ်နေရင် ပြေးထိုးမှာပေါ့ ... "

"ဩော် ... ဒီက ဘာမှမဟုတ်တာလေးတွေကို ဇာချဲ့ပြောနေတယ်ပေါ့ ... "

"ကျွတ်...."

"ကျွတ်တွေ ကျက်တွေလာဖြစ်မနေနဲ့ ... စိတ်မရှည်ရင် ဒီနားကထွက်သွား ... "

"စိန်စီ ... "

လက်ကို ဆောင့်ရုန်းပစ်လိုက်တော့ မောင်က ဆတ်ခနဲပြန်ဆွဲပြီး ပခုံးလေးနှစ်ဖက်ကိုပါ ဆုပ်ကိုင်ထားလိုက်ကာ ...

"မောင်အခုမှ ခရီးက ပြန်လာတာကွာ ... "

"ခုမှမဟုတ်ပါဘူး ... မောင်အိမ်မှာရှိတာမှ မဟုတ်တာ၊ စိန်စီရှေ့ရောက်လာတဲ့ အချိန်တွေက မောင်ခရီးက ပြန်လာချိန်တွေပဲ ..."

မထင်မှတ်ဘဲ စကားနာထိုးသလို ပြောဖြစ်သွားခဲ့သည်။ တကယ်ဆို ဒီအတွက်ကြောင့် လိပ်ခဲတည်းလည်း ဖြစ်နေတာမျိုးတော့ မရှိခဲ့ပါ။ နိုင်ငံခြားခရီး ပြည်တွင်းခရီး မောင့်လောက် ခဏခဏ ခရီးသွားနေရတာမရှိ ... ၊

"မောင်ပြောထားတာပဲ စိန်စီရယ် ... မောင်တို့မှာ လုပ်ငန်းခွဲထားတာ မရှိဘူး၊ ဒါကလည်း ဖေဖေနဲ့မေမေက မောင်တို့ကိုအနားမှာ ထားချင်တဲ့ဆန္ဒနဲ့ပါ ... သူတို့က တစ်နိုင်တစ်ပိုင် လုပ်ကြတော့ နားချိန်စားချိန်ရှိတယ်၊ မောင်က အဖေ့လုပ်ငန်း တစ်ခုလုံးကို ကူနေရတော့ ပိုပြီး အလုပ်ရှုပ်တယ် ... ပြီးတော့ ကိုကြီးတို့ လုပ်ငန်းသဘောကို ကိုလတ် နားလည်ချင်မှ နားလည်မယ် ... ကိုလတ်တို့ လုပ်ငန်းကိုလည်း ကိုကြီးတို့ သိချင်မှသိမယ်၊ ဒါပေမဲ့ မင်းယောကျ်ားက အကုန်လုံးကို သိတယ် ... မောင်အားလုံးကို ဦးစီးပြီဆိုတဲ့ အချိန်မှာ မင်းကြည့်နေလိုက် ... "

"သေချာတယ် ... ဖင်မီးရှို့ထားသလိုပဲနေမှာ ... "

"ဟား ဟား ဟား ဟား ..."

သူရယ်နေရင်း စိန်စီကိုဖက်ထားလိုက်သည်။ စိန်စီက သူ့ကိုတွန်းပစ်ခဲ့ပြီး အပြင် ထွက်သွားသဖြင့် နောက်က ပါလာပြန်ကာ ကိုယ့်အခန်းကို ပြန်ရောက်တော့ မောင်သဘောတွေ ကျသွားသည်။ သို့သော် သေချာတံခါးပိတ်ပြီး ဒီဘက်လှည့်လိုက်ကာမှ ...

"စိန်စီနားကပ်ရင်တော့ ပြောချင်တာမကုန်သေးဘဲ မောင် နားအေးပါးအေး နားရမယ်မထင်နဲ့နော် ..."

မောင့်မျက်နှာ မှောက်သေရုပ်လေး ဖြစ်သွားသည်။ သူ့မှာတော့ အလုပ်ပြီး ရင်မိန်းမ။ မိန်းမပြီးတော့အလုပ်။ ခုလည်း မူဆယ်ကနေ အလုပ်ပြတ်တာ နှင့် ဒုန်းစိုင်းပြန်ချလာခဲ့တာ နားငြီးဖို့လား ...။ ခေါင်းတော့ ကုတ်မိသွား သည်။ သို့သော် သူမခမျာလည်း ကိုယ်ပြန်လာမှ ရင်ဖွင့်ရရှာတာလို့ တွေးမိ တော့ သနားသွားမိကာ ... ၊

"ကဲ ... ပြောကွာ၊ မောင်က ဖင်မီးခိုးထွက်နေရတော့ နားမီးခိုးထွက်တာ လည်း ခံရမှာပေ့ါ ... "

ခေါင်းအုံးတစ်လုံး ဆွဲယူလိုက်ပြီး မွေ့ရာပေါ် တုံးခနဲ ပစ်လှဲချလိုက်သည်။ ပြီးတော့ အနားမှာ လာလှဲဖို့ လက်နဲ့ပုတ်ပြကာ ... ၊

"လာလေကွာ ..."

"ဘာလို့လာရမှာလဲ ..."

"မောင့်လက်မောင်းပေါ် ခေါင်းအုံးပြီး မောင့်နားကို မီးရှို့မှာ မဟုတ်ဘူး လား ..."

"အဲဒီအစီအစဉ် ကောင်းပေမဲ့ သေတ္တာထဲက အဝတ်တွေ ချဉ်စော် တူးစော်နံမှာစိုးလို့ အလုပ်လုပ်ရင်း ပြောမယ် ... "

မောင့်မျက်နှာ မဲ့သွားသည်။ ပြီးတော့ ဖက်ထားသည့် ခေါင်းအုံးကို ဘေးချ ပစ်လိုက်ပြီး လက်နှစ်ဖက်ယှက်၍ ခေါင်းအောက် သွင်းထားလိုက်သည်။ ပြီး တော့ ကိုယ့်ဘာသာ သဘောကျပြီး ပြုံးမိကာ ... ၊

"ခင်ဗျားကို မျက်တောင်မခတ်ဘဲ ကြည့်နေမယ် ... ပြောလို့ရပြီ ... "

"မောင်အဲ့လို လူကိုကလေးလိုလို ခွေးလိုလိုမကြည့်နဲ့နော် ... အိမ်မှာ

သူစိမ်းတစ်ရုံဆံတွေနဲ့ နေခဲ့ရတာ တစ်နေ့လည်းမဟုတ် တစ်လလည်း မဟုတ်၊ မောင်အနားမှာ ကပ်နေတာ ဘယ်လောက်များရှိလို့လဲ ... "

"ဟား ... နားထောင်ဖို့ အဆင်သင့်ဖြစ်နေကြောင်း ပြောမိတာကွာ ... "

စိန်စီ သူ့ဘေးမှာ ဆတ်ခနဲ ထိုင်ချလိုက်ကာ ကိုင်ထားသည့်အင်္ကျီနဲ့ ရင်ဘတ်ပေါ် လုံးထွေးပစ်ချလိုက်ပြီး ... ၊

"အဖေ့အတွက် စိန်စီဘဲဥချဉ်ဟင်း ချက်လိုက်တာ ကမ္ဘာပြိုသွားနိုင်သလား ... မောင် စဉ်းစားကြည့် ... "

ဒီစကားကြောင့် သူပြုံးမိတော့မလို့ ကိုယ့်ပါးစပ်ကို မနည်းထိန်းလိုက်ရသည်။ ဝင်းမွတ်နုညက်နေသည့် ပါးပြင်နဲ့ မေးရိုးလေးတစ်ဖက်ကို ပက်လက် အနေအထားကနေ ကြည့်ရင်း သူအသည်းတွေ ယားနေမိသည်။ ပန်းနုရောင်ဖျော့ဖျော့ တစ်ခါတစ်ခါ စိုရဲနေတာလည်း ရှိတတ်သည့် နှုတ်ခမ်းပါးလေးတွေက ဒေါသထွက်နေလျှင် ပို၍ ချစ်စရာကောင်းသည်။ အကြောင်းအရာ တစ်ခုခုကို ဒေါသနဲ့ ပြောပြီဆို စိန်စီတို့ ကြောင်အကျန်ခဲ့တာမရှိ။ ထစ်ငေါ့ မှားယွင်းတာမပါ ... ၊

"စိန်စီ အဖေ့အတွက်ချက်တာ အမေလည်းတွေ့တယ် ... အဲဒါ ဘာမှမပြောဘူး၊ မမိုးနဲ့ မချမ်းတို့ သိတာနဲ့ မုန်တိုင်းပါလာတာပဲ ... အဖေ့ဖို့ချက်ရင် တစ်အိမ်လုံးစာ ချက်ရမယ်တဲ့၊ သူတို့က မချက်တတ်လို့ မချက်တာတဲ့ ... စိန်စီက သူတို့ကို တွက်ကပ်ပြီး တမင်မချက်ဘဲနေတာတဲ့ ... စိန်စီ အတိုင်အတော ထူနေတာလေးကို စိုက်ကြည့်ပြီး မောင်က ပြေရာပြေကြောင်း ပြောဖို့သတိမရ။ သူသိနေတာက စိန်စီ အရမ်းချစ်ဖို့ ကောင်းနေသည်။

"သစ်ငုတ်တိုတောင် တိုက်ပါများရင် ရွှေ့တာ ... သူတို့စကားတွေကို ဂရုမစိုက်ဘဲ နေလာရင်းနဲ့ ကြာရင်တော့ ထိရှလာမှာပဲ ... "

ဘာကို ထိရှစရာရှိလို့လဲ ...၊ ဘဲဥဟင်း ဘယ်လောက်ကောင်းသည် မသိပေမဲ့ ထိုညကပဲ မေမေနဲ့ ဖုန်းပြောတော့ ထည့်ပြောသွားသေးသည်။

"ဘဲဥဟင်းဆိုတာ ချက်ရခက်ဆုံးပဲ ... မဆလာနဲ့ ထောင်းထောင်း ထနေတာမျိုးလည်း မဟုတ်ဘူး၊ သူ့ဟင်းနဲ့ရတာနဲ့ မေမေဆို ဟင်းနောက် ပြေးလိုက်မိမတတ်ပဲ ... သူ ဟင်းကောင်းကောင်း ချက်တတ်တယ်သိလား၊ ဒါ စာအုပ်ကြည့်ပြီး ချက်ထားတဲ့ လက်ရာမျိုးမှ မဟုတ်တာ ... "

"ဟုတ်လား ... မေမေက ဘာပြောချင်လို့လဲ ... "

"ဘာမှမပြောချင်ပါဘူးရှင် ... မေမေက မေမေ့သားအတွက် ဝမ်းသာလို့ပါ၊ မိန်းက လေးတစ်ယောက်က ချမ်းသာနေဖို့တော့ မလိုပါဘူး ... ကိုယ်ချစ်လာရင် ခြွင်းချက် ထားပေးလိုက်ရတာ အဲ့အချက်ပဲလေ၊ ဒါပေမဲ့ ချမ်းသာတာထက် အရေးကြီးတဲ့ အရည်အချင်းတွေ အများကြီးရှိသေးတယ် သားရဲ့ အရေးကြီးဆုံးက လင်သားကို အကောင်းဆုံး ကြင်ကြင်နာနာ ပြုစုစောင့်ရှောက် ပေးမယ့် ဇနီးမယားမျိုးဖြစ်ဖို့ပဲ ... စိန်စီက သားကိုချစ်တာ မေမေတို့သိပေမဲ့ ကလေးဆန်တာ အိမ်မှုကိစ္စ မနိုင်နင်းတာတွေကြောင့် စိတ်မောနေရတယ် ... ခုကျတော့ သူ ဟင်းချက်တတ်တာကို သိရပြီ၊ သူ့အဖေကို သူပြုစုနေတာ မြင်ရတယ် ... မေမေပြောချင်တာက ကျေနပ်တယ် ဆိုတာကိုပါ ... "

မေမေပြောသွားတာ သဝန်တိုမျက်ရှုတာမျိုး မပါပါ။ နောင်အခါ ပါလာမယ့်ပုံစံမျိုးလည်း မရှိတာသေချာသည်။

"မောင်ကြားလား ... စိန်စီပြောနေတာကို စဉ်းစားပေးနေတာလား၊ မောင့်အလုပ် အကြောင်းတွေလား ... မောင့်မျက်လုံးတွေက တခြားကမ္ဘာတစ်ခုကို ရောက်နေတာနော် ..."

"ဟာ ... ဟုတ်လား၊ သိသွားတာလား ..."

"ကြည့်စမ်း ... စပ်ဖြဖြနဲ့ ..."

"ဟုတ်နေရင်တောင် မဟုတ်ပါဘူး ... ကြားပါတယ် ... နားထောင်နေပါတယ် ဘာညာလုပ်ပါလား ... ဒီလောက်ပေါ်တင်ကြီး ..."

အံ့ဩတာက အရင်ဆုံးဖြစ်ကာ ဒေါသသည် ဒုတိယဖြစ်ခဲ့ရပြီး ... ၊

"ကဲ ... ကဲ အဲဒါသိဦး ... ဦး ... "

"ဘုန်းဘုန်း ... "

"ဟား ဟား ဟား...."

"လူညစ်ကြီး သူများခံစားနေရတာကို ရက်စက်တာ၊ အလကားလူ ..."

စိန်စီ ငိုသံတွေပါလာသဖြင့် မောင်လှဲနေရာကနေ လူးလဲထလိုက်ရကာ လွှဲရိုက်နေသည့် ခေါင်းအုံးကို ရအောင်ပြန်လု၍ ... ၊

"ဆောရီး ... ဆောရီးပါ၊ မောင်တွေးတာက"

"မပြောနဲ့ ... မရတော့ဘူး..."

"ဟာ ... ဟော့ ..."

စိန်စီတံခါးဆွဲဖွင့်တော့ သူအတင်းရှေ့က ဖြတ်ကာထားမိကာ လင်မယားနှစ် ယောက် ထုပ်ဆီးတိုးနေသလို ဖြစ်နေကြ၏။

"တကယ်ပြောတာ ... မောင်စဉ်းစားနေတာလည်း မင်းပြောတဲ့အကြောင်းနဲ့ ပတ်သက်ပြီး တော့ပဲ ... "

"အဲဒါဆို ဘာလဲပြော ... ယုတ္တိရှိအောင်ပြောနော် ... "

မောင်က အခွင့်အရေးရတုန်း စိန်စီပခုံးလေးကိုဖက်၍ ခုတင်စောင်းမှာ အတူထိုင်ဖြစ်အောင် ဆွဲခေါ်သည်။ ပြီးမှ လက်ဖမိုးလေးတစ်ဖက်ကို ထပ်ဆုပ်ထားလိုက်ရင်း ... ၊

"မင်းစိုးရိမ်နေတာတွေ ဖြစ်လာဖို့မရှိတဲ့ အကြောင်းတွေလေ ... မေမေက လည်း ... "

"မောင်တို့ယောကျ်ားတွေ ဒါပဲ ... "

လက်ကို ဆောင့်ခါပစ်သည်။ အဲဒီကောင်မလေးဆိုတာ တိုင်လည်းတိုင် သည်။ သူတိုင်ပြောနေရင် သေချာနားထောင်နေမှ သူဒေါသထွက်နေရင် လိုက်ထွက်မှ။ သူကျေနပ် အားရနေရင်လည်း သူ့လိုသူများဖြစ်နေမှ။ စိတ်ကောက်နေပြီ ဆိုရင်လည်း 'မောင်နော် စိန်စီမောင့်ကို စိတ်ကောက်နေ တာ' လို့ သတင်းပေးတတ်သေးသည်။ ထိုအခါ မဖြစ်မနေ ချော့စမ်း ...။

"ငါအလုပ်လုပ်နေတာပဲဆိုပြီး မောင်တို့ကတော့ ဝတ္တရားကျေနေတာကိုး ... အိမ်က မိန်းမတွေ ဘာတွေဖြစ်နေသလဲ ဆိုတာကျ ဘယ်သူပြန်ကြည့် သလဲ၊ ဘာလုပ်လုပ် ကျေပွန်ပြီ ဆိုတာမရှိဘူး ... ဘယ်လိုကောင်းအောင် နေနေ သူတို့ပြောကွက်ကမလွတ်ဘူး၊ စိန်စီမှာလည်း အမြဲတမ်း ချိုင့်ခွက် နေမယ့် ဘဝစာမျက်နှာကြီးကရှိ ... "

"တော်ပြီ ... တော်ပြီ၊ အဲ့လောက်ထိ ပါဖို့မလိုဘူး ... ."

ဒီတစ်ခါ စိန်စီရန်းလို့မရအောင် သိမ်းဖက်ထားလိုက်ပြီး နားသယ်စပ် လေးကို ငုံ့နမ်းလိုက်ကာ ... ။

"မိန်းမတစ်ယောက်ရဲ့ ဘဝက ကိုယ့်ဒူးကိုယ်ချွန်မလား ... ဒါမှမဟုတ် သူ့ ယောကျ်ားကြောင့် ထည်ဝါမြင့်မားမလား၊ ဒါပဲ ... ဘယ်လိုမွေးလာတာနဲ့ လည်း မဆိုင်ဘူး၊ ဘယ်လိုရုန်းကန်ခဲ့တာ တွေလည်း မပါဘူး ... မောင့် မိန်းမက ကလေးဆန်လိုက်တာကွာ၊ ဒီမှာ ... မောင်တို့ ကလေးယူကြရင် ခင်ဗျားကလေး အမေဖြစ်ပြီနော် ... "

"အို ... မယူချင်သေးပါဘူး ... "

"ဟုတ်ပါပြီ ... မောင်ကလည်း လိုချင်နေပေမဲ့ မင်းမလိုချင်သေးတာကို ဇွတ်မယူခိုင်းပါဘူး၊ နောက်ဆို အိမ်မှာ အဘိုးအဘွားတွေရယ် မောင်တို့ ကလေးတွေရယ် ... အများကြီးဖြစ်တော့မှာ၊ ခင်ဗျား ကလေးဆန်နေလို့မရဘူး ... "

"မောင်က စိန်စီကို စိတ်ကုန်နေတာလား"

"ကုန်စရာလား"

မောင်ကပြုံးလိုက်ပြီး စိန်စီပေါင်ပေါ်မှာ ခေါင်းတင်လှဲလိုက်သည်။ ပြီးတော့ ငုံ့မိုးကြည့်လာသည့် မျက်နှာလေးကို တစိမ့်စိမ့် မော့ငေးနေလျက် ... ၊

"မင်းကလေးဆန်တာ စိတ်ဆတ်တာလေးကို မောင်ကချစ်နေရတဲ့သူ ... ဒါပေမဲ့ စိတ်ထဲမှာ ဖြစ်လာတိုင်း စကားထဲထည့်ပြောလို့ မကောင်းတာတွေရှိတယ်၊ မောင်မကြားချင်ဆုံးက မင်းဆီက အားငယ်နေတဲ့ စကားသံတွေပဲ ... ဘာဖြစ်လဲ မင်းဘက်မှာ မောင်တစ်ယောက်လုံး ရှိတယ် ... "

မိဘကလည်း အချစ်ဆုံးသားဆိုတဲ့ ခေါင်းစဉ်တပ်ပြီး မိဘနဲ့တစ်စီးပွားတည်း အတူထားခဲ့တာ။ ငွေဆိုတာ ဘယ်သူ့လက်ထဲက ငွေရယ်လို့မရှိ။ မောင်သုံးမယ်ဆို ကြိုက်သလောက်သုံး။ ဝယ်စရာရှိရင်ဝယ်။ ကိုကြီးတို့ အရင်းနဲ့ အမြတ် စိစစ်ခွဲခြမ်းနေရသည့် အချိန်မှာ ကိုယ်က စာရင်းစစ်ရုံ။ ထို့ပြင် ဒီလစာရင်းမပြနိုင်ဘူး ဆိုတာကို ကိုလတ် စာရင်းမပြနိုင်တာ နှစ်လသုံးလရှိပြီ ဆိုတာတွေလည်း ကိုယ့်ပါးစပ်ထဲမှာ။ ဒါကြောင့် ကိုကြီးတို့စုံတွဲတွေ သူ့ကိုဆို မျက်နှာညို မခံရဲကြတာဖြစ်သည်။ မေမေတို့ဘယ်လို ခွဲခြားကန့်သတ် ထားပေ့စေ တစ်ခွန်းတလေမှ စကားနာမထိုးဝံ့။ စိန်စီကိုသဝန်တိုနေကြတာတောင် ဒီနေ့ထိ ပေါ်ပေါ်တင်တင် ပြောရဲခဲ့တာ ဘာမှမရှိ။ ဒီအခွင့်အရေးတွေ ရနေတာ သူမကို သိစေချင်သည်။ အခြေအနေတွေက ကိုယ့်ဘက်မှာချည်းပဲ ဆိုတာ နားလည်စေချင်၏။

"သားချင်းအတူတူ ခွဲခြားတယ်တော့ ကြေးမနိုင်းနဲ့ကိုကိုဇော် ... သားချင်းတူပေမဲ့ မင်းတို့ယူတဲ့ မိန်းမချင်း မတူဘူး၊ မင်းတို့မိန်းမတွေက လောဘကြီးတယ် ... စိန်စီက အေးချမ်းတယ်၊ မမြင်ဘူးလို့ မမက်တာပါလို့မပြောနဲ့၊ မြင်ဖူးလာရင် ဘယ်လိုနေမလဲ ဆိုတာလည်း မေမေ စိတ်မဝင်စားဘူး ပြောချင်တာက ဒီနေ့ထိ စိန်စီကဖြူစင်တယ် ... "

ချွေးမတွေကွယ်ရာမှာ မေမေဒီတိုင်းပြောခဲ့တာ။ ဒါတွေကို သိထားသည်မို့ စိန်စီ စိုးရိမ်နေတာတွေကို သူကအေးဆေး။ သူမကတော့ ... ၊

"မောင့်ပြောမိရင် ဒါပဲ ..."

အားငယ်သွားပြန်ရင်လည်း သူ့အပြင်မရှိ။ မျက်လွှာလေးချပြီး မရုန်းမဖယ်ဘဲ ပျော့ဖတ်ဖတ်လေး လျှော့ချသွားတာ ငိုချတော့မည့် ကလေးလေးနှယ် ... ၊

"သူတို့စိန်စီကို တအားအထင်သေးတာ ... ထစ်ခနဲရှိ စိန်စီကို အပြစ်ထောက်ဖို့ချည်းပဲ၊ မြေပြောင်ပြောင်မှာတောင် ကိုယ့်ခြေထောက်နဲ့ ကိုယ်ခလုတ်တိုက်သေးတာ ... စိန်စီအမှား မလုပ်မိအောင် ဘယ်လိုနေရမလဲ ... "

"မောင့်မိန်းမ အဲ့လောက်တောင် ခံစားနေရအောင် သူတို့က ဘာတွေပြောနေလို့လဲ ... "

ဒါကျတော့ စိန်စီ အားတက်သရောမော့ ကြည့်ရှာသည်။ ပြီးတော့ ... ၊

"မောင်ပဲစဉ်းစားကြည့်လေ ... စိန်စီဘာသာ ဟင်းချက်တတ် မတတ်တတ် သူတို့တောင် မချက်ချင်တာ စိန်စီကိုမှ ဘာလို့ ချက်စေချင်နေတာလဲ ... စိန်စီမပျင်းဘူးမောင်၊ ဖေကြီးတို့ကိုရော တစ်အိမ်သားလုံးကို ချက်ကျွေးချင်တယ် ... ဒါပေမဲ့ ခိုင်းတာကို မခံချင်ဘူး၊ သူတို့ အခန့်သား နေနေတာကို

ချက်မကျွေးနိုင်ဘူး ... "

"သူတို့က အဲဒါကို ပြောလို့လား ... "

"ပြောကြည့်ပါလား ... "

ပက်ခနဲပြန်ပြောပြီး ခါးထောက်လိုက်သေးသည်။ မောင်က ရယ်တော့လည်း မကြိုက် ... ။

"စိန်စီခံစားနေရတာကို မောင်ပေါ့ပြက်ပြက် လုပ်နေတာလား ... "

"မလုပ်ပါဘူး ... သူတို့လည်း မပြောဘူး၊ ပြောလည်း မင်းငြိမ်ခံနေမှာမဟုတ်ဘူး ... အဲဒါ ပြီးပြီပေါ့၊ ဘာဖြစ်စရာရှိသေးလို့လဲ ... "

"မောင်နားမလည်ပါဘူး ဆိုတာ အဲဒါကိုပြောတာ ... အိမ်က မိန်းမတွေကိစ္စ ... "

"စိန်စီရာ ... မောင့်ကို နားခွင့်မပေးတော့ဘူးလား ..."

"ပြီးတာပဲ ... မပြောတော့ဘူး...."

"ဟာ ... အဲ့လိုမဟုတ်ဘူးလေ ... "

လူကို အတင်းတွန်းချနေတော့ ခါးလေးကို အမောတကော လိုက်ဖက်ထားလိုက်ပြီး ...

"တော်တော်အလိုက်မသိတဲ့မိန်းမ ... "

"အလိုက်မသိတာ စိန်စီမဟုတ်ဘူး ... "

"မောင်လား ..."

မကျေမနပ်မျက်စောင်းကလည်း ရွယ်သေးသည်။ မောင်က ထထိုင်၍ ပါးချင်း ကပ်ထားလိုက်ကာ ... ။

"အခု မောင့်မိန်းမ ဟင်းချက်တတ်နေတာကို ဝန်ခံသွားပြီ ... "

"ဟင် ... သင်းကလည်း ဟိုလူတွေနဲ့ တစ်ဖက်တည်းလား ..."

စိန်စီဆတ်ခနဲ လှည့်ကြည့်တော့ နှုတ်ခမ်းချင်း ထိကပ်သွားသည်။ မောင်က အတင်းလိုက်နမ်းနေသဖြင့် ရှောင်တိမ်းနေရရင်း ... ၊

"အဲဒီတော့ ဆက်ပြောစမ်းပါ ... မောင်က ... "

"ဘာပြောရမှာလဲ ... မောင်က မောင့်မိန်းမလက်ရာကို စားခွင့်မရှိဘူးလား ... "

"အဲ့လိုနဲ့ပဲ စိန်စီကချက်ပြုတ်ရရော ... အားလုံးစားဖို့ ချက်ရတဲ့ဘဝ ရောက်အောင် မောင်ကပါသူတို့လို ... "

"တော်ပြီကွာ ... မချက်နဲ့၊ အဖေနဲ့ပဲ သွားကပ်စားတော့မယ် ... ဒီမိန်းမ ရိုးရိုးပြောလည်း ဆန်းဆန်းတွေတွေး ... "

စိန်စီကတော့ ဒါကိုပဲခံစားနေရသူမို့ ဒီစကားကွင်းကမလွတ်နိုင်။ သူမစိတ်ထဲဘာတွေ ဘယ်လိုတောင် အတွေးရောက်ကုန်သည်မသိဘဲ....

"ဒါကြောင့် ကြီးကြီးတို့ကပြောတာ ... သားလိမ္မာကိုယူ၊ အမေချစ်သား တွေကို မယူနဲ့တဲ့ ..."

"ဟောဗျာ ... "

"သားလိမ္မာက လိမ္မာရေးခြားရှိတယ် ... ကိုယ်နဲ့ရရင် ကိုယ့်ဘက်ပါတယ်တဲ့၊ အမေချစ်သားတွေဆို မရဘူးတဲ့ ... အဲ့လိုလူနဲ့ရရင် သူ့မိသားစုအောက် ပြားပြားမှောက်သွား မှာပဲတဲ့၊ ဘယ်တော့မှ ကိုယ့်ဘက်မပါဘူးတဲ့ ... "

ပြောနေရင်း မဆီမဆိုင်ဟု ထင်အပ်သော မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာလျှင် ...၊

"မောင်နော် ... လွှတ် မကိုင်နဲ့၊ စိန်စီ မောင့်ကိုမကျေနပ်ဘူး ..."

"မောင်ရှင်းပြမယ် ... "

"ဟင့်အင်း ... ဟင့်အင်း ... "

စိန်စီကိုချော့ဖို့ ပညာတွေတတ်သမျှ မှတ်သမျှ အကုန်ထုတ်သုံးသော်လည်း ... ၊

"မေမေ့ကို အမေလိုချစ်တယ် ... မိန်းမကို မိန်းမလိုချစ်တယ်ကွာ၊ ကဲ ... မောင့်ဘဝမှာ မင်းမှမင်း ... "

စာမကြေခဲ့သော သူ့စကားတွေ ဘာမှားသွားသည်မသိ။ လူကို တွန်းထိုးထားရစ်ခဲ့ပြီး ထွက်သွားတာ တစ်ညနေလုံး ...၊

ရက်စက်တဲ့မိန်းမ ...

***

## အခန်း(၉)

"မရဘူးနော် ... မောင်နောက်တစ်ခါ ပြည်တွင်းခရီး ထွက်ရင် စိန်စီလိုက်မှာပဲ ... "

"အဖေ့ကို ဘယ်သူပြုစုမလဲစိန်စီရယ် ... "

"တစ်ညနှစ်ည အိပ်တာလောက်ကို ပူစရာလား ... ချက်ပြုတ် ကြော်လှော်ပေးခဲ့မှာပေါ့ ... ဘာမှ ထပ်မပြောနဲ့နော်၊ မဟုတ်ရင် အဖေ့ကို မောင်ခေါ်လာတာ စိန်စီကို ချောင်ထိုးချင်လို့လို့ စိန်စီ ခေါင်းစဉ်တပ်ပစ်မှာသိလား ... "

မောင်သွားတိုင်း လိုက်ချင်နေတာ လိုက်နေကျမို့ပါ။ ပြီးတော့ အလုပ်ကိစ္စတွေ အကုန်လုံးကို သူမစိတ်ဝင်စားနေသည်။ မောင်သိသမျှကို သူမလည်း သိချင်နေတာမို့ ...၊

"အခု ဘယ်သွားရဖို့ ရှိသေးလဲ ... "

"မသိသေးဘူးလေ ... ဘာလဲ မောင်နဲ့အေးဆေး နားနေရတာထက် ခရီးသွားနေရတာကို ပိုကြိုက်တာလား ... "

"အေးဆေးပဲနားရနားရ ပင်ပန်းတဲ့နေရာပဲ သွားရသွားရ မောင်နဲ့အတူတူပဲ နေချင်တယ် ..."

မောင်သဘောတွေကျနေကာ စိန်စီပါးလေးတစ်ဖက်ကို လက်သီးဆုပ်နဲ့ ဖိကပ်တွန်း၏။ ပြီးမှ တံခါးဖွင့်ဆင်းကာ နောက်ခန်းထဲကဝယ်ခြမ်းလာတာတွေကိုငုံယူ၏။

"မောင်ဖယ်လေ ... ဖိနပ်ဘူးတွေပါသေးတယ် ... "

စိန်စီက ဟိုဘက်က ဆင်းပြီး ပြေးလာတော့ မောင်က မျက်မှောင်ကုတ်နှင့် လှည့်ကြည့်၏။

"အဲ့လိုပြေးပြေးလွှားလွှားတွေ မလုပ်ပါနဲ့ဆိုမှ ... "

"မောင့်ဆီလာတာ ..."

"ခင်ဗျားကို ဘယ်သူက လာကူပါ ခေါ်နေလို့လဲ ... ဝင်နှင့်သွား၊ မောင်အားလုံးယူခဲ့မယ် ..."

မောင်နဲ့အတူ ဈေးဝယ်ထွက်ရသဖြင့် ပျော်ရွှင်ကျေနပ်နေခဲ့သော ချမ်းမြေ့ခြင်းတွေက ဧည့်ခန်းမှာ အဖေ့ကို မြင်လိုက်ရသဖြင့် အားလုံး ကြက်ပျောက်ငှက်ပျောက်။ ယောက္ခမတွေနဲ့ အဖေရယ် ... ပြီးတော့ ဘေးမှာ ချမ်းမြမြရယ် ... ။ စိန်စီဘယ်လိုမှ ဟန်မဆောင်လိုက်နိုင်ဘဲ ခြေလှမ်းတွေ ရပ်သွားလျှင် ဧည့်ခန်းကလူတွေ သူမဆီလှမ်းကြည့်လာကြ၏။

"ဟော ... ပြန်လာကြပြီ ... "

"သမီးရေ ... ညည်းအဖေ အခန်းအောင်းနေရတာ ပျင်းမှာစိုးလို့ ဖေကြီးခေါ်ထုတ်လာတာ"

"ဟင် ... အဟွန်း ဟုတ် ... "

အဖေ့ကို လှမ်းကြည့်လိုက်တော့ အလွန်ကျေနပ်နေပုံပါ။ သူမရင်ထဲမှာတော့ စိုးရိမ်သောကတွေ ဘောင်ဘင်ခတ်နေပါပြီ။ ထို့ပြင် သူမတို့ကားနောက်မှာ ထိုးရပ်လာကြတာ ကိုကိုဇော်တို့ကားရယ် မောင်မောင်လတ်ရယ်။ အချိန်ကိုက် လူစုံတက်စုံကြီး။ ဘာကြောင့် စိုးရိမ်ရသလဲဆိုရင် ပြစရာမရှိပေမဲ့ အဖေသည် စိန်စီနောက်က မောင်ပါလာသောအခါ ...၊

"စိန်စီအတွက် တော်တော်မှ ခေါင်းခဲခဲ့ရသလား မောင်ရေ ... သမီးက သူစိတ်တိုင်းမကျရင် မရဘူးနော် ...

လှမ်း၍နှုတ်ဆက်ပြီး ပြောလက်စကို ပြန်ဆက်တော့ ဘယ်တုန်းက ဘာတွေပြောနေခဲ့မှန်း မသိ ... ၊

"သူအရပ်လိုချင်တယ်ဆိုတာ ကျွန်တော်က လက်မအားတော့ ဝယ်မပေးအားဘူး ... အဲဒါ မုန့်စားနေတဲ့လူတွေကို ထခိုင်းပြီး ထိုင်ခုံတွေ အကုန်လှဲချပစ်တာ တစ်လုံးမှမချန်ဘူး ... အဲ့လောက် ကျီကြတတ်တဲ့သမီး ... ဟွန်း ဟွန်း ... "

"ဟုတ်လား ... ဟား ဟား ဟား ..."

"ဒါနဲ့ ဦးသုတက ဘာတွေရောင်းတာလဲ ... "

ဒေါ်မိမိတင် မေးလိုက်လျှင် ဦးသုတက အရိုးခံအတိုင်း ... ၊

"တွန်းလှည်းနဲ့ မုန့်ဟင်းခါးရောင်းတာလေ ... အလုပ်ကတော့ အစုံပါပဲဗျာ၊ ကိုယ်က ပညာမတတ်တော့ သူများအလုပ်လုပ်လည်း လစာကောင်းကောင်း ရမှာမှမဟုတ်တာ ... ပခုံးထမ်းရောင်းဖူးတယ်၊ သစ်သီးတွေလည်း ထမ်းရောင်းဖူးတယ် ... နောက်တော့ တွန်းလှည်းလေး တစ်စီးဆင်ပြီး မုန့်ဟင်းခါးရောင်းတယ်၊ အဲဒီကျတော့ တွန်းလှည်းနဲ့က လူသက်သာတယ် ... ကြိုက်တဲ့ပစ္စည်းတင်ရောင်းလို့ရတယ် ... "

"ဒါပေါ့ ... ဦးသုတ အဲ့လိုတွေရောင်းနေတော့ ကလေးကိုကြည့်မယ့်သူ ရှိသလား ... "

"သူ့အမေဆုံးသွားတော့ ကျွန်တော့်ဆွေမျိုးတွေ ဝိုင်းကူကြတယ်လေ ... သူတို့လည်း နေစရာမရှိတော့ အိမ်မှာပဲအကုန်လုံးခေါ်ထားလိုက်တယ် ဒါပေမဲ့ အထင်မကြီးနဲ့နော် ... ကျွန်တော်လည်း အိမ်ပိုင်မဟုတ်ဘူး ... ."

"ဒါပေါ့ဘဘရဲ့ ... ရန်ကုန်မြို့ကြီးမှာ မြေတစ်လက်ဝါး ကျောတစ်နေရာစာက သိပ်တန်ဖိုးကြီးတာ၊ ချမ်းတို့ဖေဖေက ကန်ထရိုက်တာလေ ... ကွန်စထ

ရက်ရှင် လုပ်ငန်းတွေ လုပ်တော့ သိတယ်၊ အိမ်ပိုင်ဖြစ်ဖို့ ဆိုတာ လွယ်တာ မှတ်လို့ ..."

မဆီမဆိုင်ဝင်ပြီး မဏ္ဍပ်တိုင်တက်တဲ့သူက ချမ်း ...။ သူမက မျက်နှာလေး ပျက်ပြီး အထဲဝင်သွားသည့် စိန်စီကို မသိမသာ လိုက်ငဲ့ကြည့်ပြီး ကျိတ်ပြုံး ရင်း ... ၊

"ဘဘ တော်တော် ဒုက္ခရောက်မှာပေ့ါနော်"

"ရောက်တာတော့ မပြောနဲ့ ... ငွေရင်းကမရှိ ပညာကလည်း မတတ်တော့ စိတ်ရှိတိုင်း မလုပ်နိုင်ဘူး၊ ထလုပ်လိုက်တိုင်းမှား ..."

ထိုစဉ် မိုးတို့စုံတွဲ ဝင်လာကြကာ ... ၊

"အမေ့အတွက် ပိုးချိတ်ဝယ်လာတယ် ... "

အထုပ်တွေနှင့်မိုးက ဒေါ်မိမိတင်ဘေးမှာ ဝင်ထိုင်၏။ ကိုကိုဇော်က ဦးမင်း လှိုင်ဘေးမှာ သွားထိုင်ကာ ... ၊

"စိန်စီအဖေ ရောက်နေတာသာ သိတယ် ... ခုမှပဲမြင်ဖူးတော့တယ်၊ ဘာလို့ အပြင်မထွက်တာလဲ ဦးလေးက ... အိမ်မှာ လွတ်လွတ်လပ်လပ် သွားလာနေလို့ ရပါတယ် ..."

ဒါလည်း ချမ်းအသံပဲ ထွက်လာကာ ... ၊

"အဲဒါပြောတာပေ့ါ ကိုကြီးရဲ့ ... တစ်ယောက်အကြောင်း တစ်ယောက် သိထားကြတော့ ပိုရင်းနှီးတာပေ့ါနော်၊ ဘဘက အရမ်းဒုက္ခရောက်ခဲ့တာတဲ့ ... စိန်စီကို လက်ဆွဲပြီး ဈေးလည်ရောင်းရတာ သိလား ... "

"ဟုတ်လား ... အဲဒါနဲ့ ပါးသိုင်းမွေးတွေ မရိတ်အားတာတော့ မဟုတ်ပါဘူးနော်၊ ဟား ဟား"

"ကိုကြီးကလည်း ပြောတော့မယ် ... ဦးလေးက အသားဖြူတော့ ပါးသိုင်း

မွေးတွေနဲ့ လိုက်ပါတယ်၊ ဒါကြောင့် သူဌေးသမီးက ကြိုက်တာပေါ့"

မောင်မောင်လတ်က လှျောက်လာပြီး ချမ်းဘေးမှာ ဝင်ထိုင်၏။ ချမ်းက ပြောဖော်ရသွားသည် ယောကျ်ားလေးတွေက ရင်းနှီးစေဖို့ စနောက်ကြတာ တစ်ကြောင်း။ သူမ ဖော်ထုတ်ချင်နေတာက တစ်ကြောင်း။ သိပ်တော့ မဆိုင်ပေမဲ့ ကိစ္စမရှိ၊

"ဘဘက သူဌေးသမီးနဲ့ ညားတယ်ဆိုပြီး ဘာဖြစ်လို့ အိမ်ငှားနဲ့နေရတာလဲ ... အဟွန်း မေးကြည့်တာနော်၊ မဖြေချင်လည်း ရပါတယ် ... "

"မဖြေချင်လောက်မယ့် မေးခွန်းမှန်း သိရင်လည်း မမေးနဲ့ပေါ့မချမ်းရဲ့ ... "

စိန်စီက ဘယ်သူ့ကိုမှ အားနာနေမှာ မဟုတ်သော စူးရဲသည့် မျက်ဝန်းလေးတွေနှင့် ...၊

"ရှေးဟောင်းနှောင်းဖြစ် ဆိုတာ မိတ်ဟောင်းဆွေဟောင်း သက်တူရွယ်တူချင်း အပြန်အလှန် ပြောကြတာမို့လား ... ကြားရတာ မချမ်းချည်းပဲ ပြောနေရသလားလို့ပါ ... "

ချမ်းမျက်နှာ ရဲခနဲဖြစ်သွားသည်။ တွေ့လားဆိုသည့် အကြည့်နှင့် ကူဖော်ရှာသလို အားလုံးကို ဝေ့ကြည့်သည်။ ပြီးမှ ... ၊

"ငါတို့ကလည်း အိမ်သားချင်း ရင်းနှီးသွားအောင်လို့ စကားပြောပေးနေကြတာပါ ... "

"အိမ်သားတွေနဲ့ ရင်းနှီးဖို့ကို စိန်စီလုပ်ပါ့မယ် ... မချမ်းကို အားနာလို့ ..."

ကိုယ့်ကိုချည်း အထပ်ထပ် စော်ကားနေသဖြင့် ချမ်းမခံနိုင်တော့ပေ။ သို့သော် ပြောမည်ပြင်တော့ ပြောခွင့်မကြုံ ... ၊

"အဖေဆေးသောက်ဖို့ တစ်ခုခုစားရမယ်လေ ... စိန်စီက ဆေးသောက်ချိန်အမီ ပြန်လာတာ"

ဒါကတော့ တကယ်ပါ။ အဖေက ပေတာတေတာလည်း မဟုတ်။ ဒါပေမဲ့ ကျန်းမာရေးကို ဂရုမစိုက်တတ်ပေ။ ခြေထောက် မြန်မြန်ကောင်းအောင် ဆိုတာလည်း သူ့အာရုံထဲမှာ သိပ်မရှိ။ ကြည့်လိုက်ရင် အဖေဘာမှ မဖြစ်ပါဘူး' ဆိုတာချည်းပင် ... ။

"အဖေ့ကိုခေါ်သွားမယ်နော် ... အမေ ... ဖေကြီး ... "

"ခေါ်သွားသမီး ... ခေါ်သွား၊ ဆေးသောက်ချိန်က အရေးကြီးတယ် ... "

သိသာသွားသလား ... ။ ရိုင်းသွားတာလည်း ဖြစ်နိုင်သည်။ မောင် ဖုန်းပြောရင်း ထွက်လာပြီး အဖေ့ကို တွဲကူခေါ်သွားတော့ အားလုံးက အလိုအလျောက် အဆင်ပြေသွားခဲ့ပြီး ... ။

"စိန်စီက သူ့အဖေကို မေးမြန်းနေလို့ ချမ်းကို စောင်းပြောသွားတာ ထင်တယ် ... "

ဘယ်သူ့ဆီကမှ ပြစ်တင်ကဲ့ရဲ့စကား မကြားရတော့ ချမ်းက ကိုယ်တိုင်ပြန်စသည်။

ခင်ပွန်းဖြစ်သူကလည်း အလိုက်မသိ ... ။

"ဘယ်မှာစောင်းပြောတာလဲ ... မင်းကို နာမည်ခေါ်ပြောသွားတာ ... "

ချမ်းမျက်နှာ ပိုပြီး အရောင်ရင့်သွားသည်။

"ချမ်းက ဘာတွေ လွန်ကျွံအောင်မေးနေလို့လဲ ... အားလုံးပြောနေကြတဲ့အကြောင်းကိုပဲ ချမ်းလည်း ပြောတာ၊ သူ့ဘာသာ ကုန်းကောက်စရာမရှိအောင် ဆင်းရဲတာတွေ ပြောပြနေတာ ချမ်းနဲ့ဆိုင်လား ... "

ဘယ်သူနဲ့ဆိုင်တာ မဆိုင်တာ စိန်စီကတော့ နားမလည်ပေ။ တနုံ့နုံ့ ခံစားနေရသည့် ရှက်ဒေါသကြောင့် အဲဒီနားက လူကြီးတွေကိုလည်း ဂရုမစိုက်ချင်။ ဘယ်သူ ငြိုငြင်သွားတာမှလည်း ဂရုမစိုက်။ ဒေါသဖြစ်သလောက်

ပေါက်ကွဲခွင့် မရခဲ့သည့် အဖြစ်သည်သာ အသားတွေ ကွဲအက်ထွက်တော့ မတတ် ပူလောင်ပြင်းထန် နေခဲ့လျက် ... ။

"သမီးကို လက်ဆွဲ ဈေးရောင်းလာခဲ့ရတဲ့ အကြောင်းတွေ ပြောနေရတာ ပျော်လားအဖေ"

"ဟင် ..."

အခန်းထဲရောက်တာနှင့် သမီးက ဆေးတိုက်တော့မှာပဲလို့ ထင်ထားခဲ့သည်မို့ စိန်စီအသံတွေပါ တုန်ခါနေတော့ ဦးသုတ တအံ့တဩ လှည့်ကြည့်သည်။

"သမီးလေး..."

"အဖေ့ကို အဲဒါကြောင့် အခန်းထဲမှာပဲနေဖို့ သမီးသေချာမှာတာ ... အဲဒါကြောင့် အပြင်ထွက်မှာ ကြောက်တာ၊ အဖေကလူစုံပြီဆို အထုပ်ဖြေတယ် ... ကိုယ်ပြောနေတာတွေ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိ၊ ဘယ်သူတွေ ဘာကြောင့် နားထောင်ချင်နေကြမှန်းမသိ ... "

"သမီးရယ် ... အဖေက ... "

"ပြောမနေပါနဲ့တော့ ... သမီးအဖေ့ကို အရမ်း စိတ်ပျက်တယ်သိလား၊ အဖေဘာဖြစ်လို့ ဆင်းရဲတာကို ကြွားစရာလို့ မြင်နေမှန်းမသိဘူး ... လူတွေက ကိုယ့်ကို လှောင်ရယ်စရာ လူကြီးလို ဝိုင်းပြီး လက်ခုပ်တီးပေးနေကြတာ အဖေနားမလည်ဘူးလား ... "

ဦးသုတ ခေါင်းခါနေတုန်း စိန်စီက ဖြေရှင်းချိန်မပေး ...

"လက်ခုပ်တီးတိုင်း ကွေးအောင်ကနေတာ အဖေ့အစား သမီးရှက်တယ် ... ဟိုတုန်းက ကျပန်းအလုပ်တွေ လုပ်ခဲ့ရတာ ဂုဏ်ယူစရာ ဘာရှိလို့လဲ"

ပစ္စည်းမျိုးစုံ ကြိုးခုန်ပြီး ဈေးရောင်းခဲ့ရတာရော ဘယ်နေရာမှာ

ဂုဏ်သိက္ခာ ကြီးမားသွားလို့လဲ ... ၊ တွေးနေရင်းနဲ့ မကျေနပ် ... ၊

"ဘာလဲ ... အဲဒီလိုရှာကျွေးခဲ့တဲ့ အဖေဆိုပြီး သမီးဆီက မျက်နှာသာ ရချင်တာလား ... စိန်စီ ဒီထက် ဘာလုပ်ပေးရဦးမှာလဲ အဖေ့ကို ... "

ဦးသုတ ပါးစပ်တပြင်ပြင် လက်တကာကာ။ သို့သော် ပြောဖို့ခွန်အားလည်း မရှိခဲ့။ ပြုံးဖို့ကြိုးစားနေရင်း မျက်ဝန်းမှာ မျက်ရည် ဝေ့လာတာလည်း ကိုယ့်ကိုယ်ကိုယ်မသိ ... ၊ မေမေက အဖေ့ဘဝထဲကို ခဏအလည်လာသွားတာတဲ့ ... မေမေက အဖေ့အိပ်မက်တဲ့၊ အဖေ တဖွဖွပြောနေတာလေ ... အဲဒါ အဖေပြောတဲ့စကား အဖေနားမလည်တာ၊ ပြောပြန်ရင်လည်း စိန်စီငရဲကြီးတော့မယ် ... "

မေမေသည် ပြုံးလွှန်းရယ်လွှန်းသော မျက်နှာမျိုးမဟုတ်။ စကားပြောရင်တည်ငြိမ်သည်။ စိန်စီသည် မေမေရှိတုန်းက ဖေဖေမေမေလို့ ခေါ်တတ်တာပါ။ မေမေမရှိတော့သည့် နောက်ပိုင်းမှာတော့ ဖေဖေ့ဆီက ‘အဖေ’လို့ပဲ သုံးနှုန်းတာတွေ ကြားလာရရင်း သူမသည်လည်း အဖေပဲ ဖြစ်လာခဲ့ရသည်။ ဒါတွေဟာ အဖေ့ရဲ့ မူပိုင်ဟန်တွေပဲ ဖြစ်လေသည်။ သို့ဆိုပါလျှင် စိတ်ဓာတ် အဆင့်အတန်းနဲ့ စည်းစိမ်ဥစ္စာ ကွာဟမှုက ဆက်စပ်နေပါသလား ...

ရင်နင့်ခြင်းသည် မျိုသိပ်မရစွာဖြင့် ... ၊

"မေမေ့ကို စောစောစီးစီး ဆုံးရှုံးလိုက်ရတာ သမီးအတွက် အကြီးမားဆုံး ဆုံးရှုံးမှုပဲ ... "

ပြောချလိုက်မိရင်း ဆေးနဲ့ရေခွက်ကို ခွက်လေးတွေနဲ့ သေချာထည့်သည်။ ပြီးတော့ အရှေ့မှာ ချထားပေးခဲ့ပြီး ထွက်လာခဲ့၏။ ဦးသုတမျက်ရည်တွေ တပေါက်ပေါက် ကျလျက် ဆေးခွက်လေးကို ကတုန်ကယင် လှမ်းယူသည်။

"တောက် ... တောက် ... "

တုန်ယင်နေသည့် လက်ကြောင့် ဆေးလုံးတွေက ဖိတ်စဉ်ပြုတ်ကျကုန်လျှင် ကြမ်းပြင်ပေါ် ထိုင်ချလိုက်ပြီး ကမန်းကတန်း ရှာ၏။ သမီးပြန်လှည့်ဝင်လာလျှင် ဒေါသတွေ ထွက်တော့မည် ဆိုသည့် အသိက ကြမ်းပြင်ပေါ်မှာ လက်ဖဝါးနှစ်ဖက်နဲ့ ပွတ်တိုက်ရှာနေမိတဲ့ အထိ။

သို့သော် နားထဲမှာကြားနေတာက စိန်စီစကားသံတွေ မျက်လုံးထဲမှာ ဝေဝါးနေတာက မျက်ရည်တွေဖြစ်ကာ ဆေးကိုလက်နဲ့ ရှာနေသဖြင့် ရှာလို့လည်းမတွေ့ ...၊

မေမေ့ကို ဆုံးရှုံးလိုက်ရတာ သမီးအတွက် ကြီးမားတဲ့ဆုံးရှုံးမှုပဲ ... တဲ့

ဟုတ်တယ် ... စိန်မဟုတ်ဘဲ ငါအရင်သေရမှာ ... ငါ့သမီးလေးမှာ စိန်သာရှိနေခဲ့ရင် ... ကိုယ့်ကိုယ်ကိုယ် ဆွဲချနေမိတာလား ... အားပေးနေတာလား မသိ။ ရင်ထဲမှာ မွန်းကျပ်လာခဲ့သည်။ စိန်နဲ့ပတ်သက်လာတိုင်း သူမချိအောင် ခံစားရသည်။ ဘယ်သူတွေနဲ့ ဘယ်အကြောင်း ပြောဖြစ်ပါစေ စိန့်အကြောင်းကို သူဘယ်တော့မှမပြော။ သုတနဲ့စိန်သည် ယှဉ်တွဲမဆိုအပ်သည့် အရာလို စိန့်နာမည်လေးကိုတောင် ထုတ်မပြောရက်တဲ့အထိ သူမြတ်နိုးတန်ဖိုးထားခဲ့တာပါ။

"ရိုးသားတာနဲ့ ရိုးအတာမတူဘူး ကိုသု ..."

"ရှင်ရိုးတာကို စိန်ကသဘောကျတယ် ... ဒါပေမဲ့ လူတကာရှေ့ မှာမရိုးနဲ့ ..." တဲ့၊

မျက်ရည်နှစ်စက် တစ်ပြိုင်တည်း လျှောဆင်းသွားကြသည်။

ဟုတ်ပါတယ် ... အဲဒီလူက ကျွန်တော်ပါစိန် ... သုတပါ

***

## အခန်း(၁၀)

ဆင်းရဲသည်။ ပညာလည်းမတတ်။ သို့သော် ထိုသူသည် ဘုန်းကံကြီးမားသော ကံကောင်းခြင်းဇာတာနှင့် မွေးလာတဲ့သူဖြစ်လေသည်။ သဘာဝ ဆူးငြောင့် ခလုတ်ကန်သင်းမှ လွဲ၍ တစ်စုံတစ်ယောက်၏ တမင်တကာ ထိခိုက်စေအပ်သော ဘေးဥပဒ်မျိုး ထိုသူမှာ မကျရောက်ဘူးခဲ့။ ကြီးမားသော ရန်ပွဲမျိုးကြား တုတ်တစ်ပြက်ဓားတစ်ပြက် ရှုပ်ယှက်ခတ်နေသည့် ထဲမှာပင် ထိုသူသည် ရန်ပွဲကိုလည်း ရပ်တန့်စေလျက် သူ့ကိုယ်မှာ ဒဏ်ရာတစ်ချက် မထင်ခဲ့သူ။ ထိုသူသည် ...

"ဟိတ်ကောင်သုတ ... လာဦး ..."

"ဘာလုပ်မလို့လဲ ... အဲ့ကောင်ကို ပရိဂျူဆာက မျက်နှာသာပေးနေတာနော် ..."

"ပေးပေ့စေ ... မတန်မရာကို မှန်းတဲ့ကောင်"

"ဟုတ်ကဲ့ ... "

ရှုတင်မန်နေဂျာမျက်နှာက ရန်ငြိုးရှိနေသည့် လူတစ်ယောက်လို တင်းမာနေသည်။

ပြီးတော့ သူ့ကိုခိုင်းထားသည့် အတိုင်း ... ၊

"ဟိုဆိုင်းဘုတ်ပေါ် ဒီကြိုးသွားချိတ် ... ပြီးရင် ဟိုဘက်အစွန်းက သစ်ကိုင်းပေါ် တစ်စလှမ်းတင် ... "

"မန်နေဂျာ ... အဲဒါ လိုလို့လားဗျ"

"လိုတယ် ... ကြိုးက အဲဒီကပြေးမှ တိုက်ပြတင်းပေါက်ကို သွားလို့ရမှာ ..."

တစ်ဖွဲ့လုံးသုတကို သတိထားမိနေကြသည်။ လူကထွားထွား အသားလတ်၍ ပါးသိုင်းမွေး နှုတ်ခမ်းမွေးတို့နှင့် မသေမသပ်။ အလှထားကြသလို စိမ်းမြမြခပ်ပါးပါးမဟုတ်။ ထူပျစ်နေတာ မျိုးလည်း မဟုတ်ဘဲ မသေသပ်ခြင်းကြောင့် ဖရိုဖရဲပုံပေါက်နေတာမျိုး။ သို့သော် သုတက မျက်နှာပုံချောသည်။ ထူနက်သည့် မျက်ခုံးနှင့် မျက်ဝန်းတို့ကြားက အစိမ်းရောင်သန်း နေသော မျက်ခုံးစပ်လေးတွေက ကြည့်ကောင်းသည်။ ကြည့်ရဆိုးသော ပါးသိုင်းမွေးတို့ ရှိပေမဲ့ သူရယ်လိုက်လျှင် ပွင့်ဟသွားသည့် သွားတန်းလေးတွေကြောင့် နုငယ်သွားတတ်ကာ ...

"လူပုံကိုက ခေါ်လိုက်ရင်တော့ ပျာယိပျာယာ ... ကြည့်လိုက်ရင် မိန်းမတွေကြားမှာချည်းပဲ.."

ဒါက ဟုတ်မှမဟုတ်တာ။ သုတမျက်နှာ ပျက်သွားသည်။ ကိုယ်မဟုတ်ဘဲ တစ်ခုခု စွပ်စွဲတာကို မျိုသိပ် တည်ငြိမ်နေလိုက်ရသည့် ခံစားချက်မျိုးကို သူမနှစ်မြို့ပေ။ ထို့ကြောင့် ခဏ ငြိမ်ကျသွားပေမဲ့ ... ၊

"မိန်းမတွေကြားထဲမှာမနေပါဘူး ... သူတို့က ခေါ်ခိုင်းနေတာပါ၊ ဦးကိုကြီးက အဖွဲ့ထဲမှာ လိုအပ်တာ အကုန်လုပ်ပေးဆိုလို့ ..."

"အံမာ ... နားရင်းအုပ်ထည့်လိုက်ရ၊ ငါ့ကိုများပြန်ခံပြောနေတယ် ... ရော့ကြိုး ... "

သူတို့ကို ဦးကိုကြီးက တစ်နေရာကနေ လှမ်းကြည့်နေ၏။ သူက စိန်ရိုက်သည့် ကားတွေမှာ မှတ်တမ်း လုပ်ပေးတဲ့သူဖြစ်ကာ သုတကို သူပဲခေါ်လာခဲ့ဖြစ်သည်။ ရှုတင်မန်နေဂျာ ဝင်းမျိုးက မျက်နှာပုံဆိုးရတဲ့အထဲ ဒေါသကြီးတတ်သူလည်း ဖြစ်၏။ ဦးကိုကြီးကို မျက်ထောင့်နီနှင့် လှမ်းကြည့်ပြီးမှ

မျက်နှာလွှဲသည်။ ရိုက်ကူးရေးအဖွဲ့မှာ မှတ်တမ်းဆိုတာ သူ့အတွက် ဂရုစိုက်စရာ မဟုတ်ပေမဲ့ ပရိဂျူဆာ၏ လက်စွဲတော်ဖြစ်နေသည်က ဂရုမစိုက်လို့ မဖြစ်သည့် အကြောင်းတစ်ခု ...၊

လှမ်းကြည့်လိုက်တော့ သုတက ဆိုင်းဘုတ်ဆီရောက်အောင် ခက်ခက်ခဲခဲ တွယ်တက်နေ၏။ ဆောက်လက်စ တိုက်ကြီးနံဘေးက ငြမ်းတိုင်တွေကိုလည်း အားပြုရသေးသည်။ တချို့က စိတ်ဝင်တစား ကြည့်နေကြကာ တချို့ကအမှတ်တမဲ့။ ဝင်းမျိုးက ဖုန်းပြော နေသလိုလိုနှင့် ထိုဆီကို မမှိတ်မသုန် ကြည့်နေ၏။ ထို့အတူ အဆောက်အဦ အတွင်းတစ်နေရာကနေ စူးစိုက်ကြည့်နေသည့် မျက်ဝန်းတစ်စုံလည်း ရှိနေကာ ထိုမျက်လုံးပိုင်ရှင်သည် ...

"ဝင်းမျိုး ... မင့်ဟာဘယ်လိုလဲ ... "

စောင့်ကြည့်နေရင်း မချင့်မရဲဖြစ်ရလွန်းသဖြင့် ဖုန်းထုတ်ဆက်မိတဲ့အထိ။ ဝင်းမျိုးက ဖုန်းကိုင်ရင်း သူရှိရာကိုလှမ်းကြည့်၍ ဖုန်းနဲ့ ပါးစပ် ထိကပ်မတတ်တိုးကာ ... ၊

"ကျွန်တော် သေချာခိုင်းထားတာပါ ကိုညီရယ် ... ထိလိုက်တာနဲ့ ပြုတ်ထွက်သွားအောင် သေချာ လုပ်ခိုင်းထားတာပါ ... "

ဝင်းမျိုးကိုယ်တိုင်လည်း မချင့်မရဲတွေ ဖြစ်နေမိတာဖြစ်ကာ ညီဇော်ခိုင်းသည့်ကိစ္စကို မဖြစ်မနေ လုပ်နေရတာမျိုး မဟုတ်တော့ဘဲ သုတကို တကယ် ထိခိုက်ကျိုးကန်း သွားစေချင်သည့် စိတ်တွေ တဖွားဖွား ဖြစ်နေခဲ့၏။ ဒီထက်ပိုပြီး အဖြစ်ဆိုးလို့ သေသွားရင်တောင် တောက တက်လာတဲ့ကောင် ... တစ်ကောင်ကြွက် မိဘမဲ့ အခြေမဲ့အနေမဲ့ ... ဘာဖြစ်သွားဖို့ရှိသလဲ ...

"ပြီးသွားပြီဆရာ ... "

ဘာဖြစ်ဖြစ်ပါဆိုမှ ဘာမှမဖြစ်ဘဲ မျက်နှာရှေ့ ပြန်ရောက်လာတော့ အသည်းတွေ ယားနေတာ ကလိကလိ။ သက်မောင်ဆိုတဲ့ကောင် ဘာလုပ်တာလဲ ... ဒီပျဉ်ချောင်းလေး ပူးနေတာ ဖြုတ်ထားဖို့တောင် လက်က အရိုးမပါဘူးလား ... ဒီကောင် ဘာလို့ ဘာမှမဖြစ်ရတာလဲ"

"ဘာခိုင်းစရာရှိသေးလဲဆရာ ... "

"နေဦး"

နောက်တစ်နည်း စဉ်းစားဦးမယ်လို့ ကျိတ်ပြောမိရင်း လူပုံစံကို မရှုစိမ့်စွာ ကြည့်မိသည်။ အရပ်က ထောင်ထောင် ရှပ်အင်္ကျီတစ်ထည်ကို နှစ်ရက်လောက်ဝတ်သည်။ တစ်နေ့က အကောင်းဆို နောက်နေ့ လဲလာရင် အစုတ်။ အင်္ကျီဝတ်တိုင်း ကြယ်သီးနှစ်လုံးကို ဘယ်တော့မမတပ်။ ဘာလဲ ... ရင်ဘတ်က လူမပီသစွာ ပေါက်နေတဲ့ အမွေးတွေကို လူမြင်စေချင်တာလား။

ဒီခေတ်က ဘယ်အမွေးဖြစ်ဖြစ် ရိတ်ပစ်တဲ့ခေတ်။ ယောကျ်ားမှန်း မိန်းမမှန်းမသိအောင် ပြောင်သလင်း ခါနေကြတဲ့ခေတ်မှာ သင်းက အမွေးအမှင်တွေ မွေးမြူပြီး ဂုဏ်ယူ ဝမ်းမြောက်နေတာလား၊

ထိုစဉ် စိန့်ကားဝင်လာသဖြင့် နှစ်ယောက်စလုံး လှမ်းကြည့်လိုက်မိသည်။ သူတို့ကလည်း ကားရပ်သွားသည့် နေရာနှင့် နီးနေသဖြင့် ညီဇော်အစားဝင်းမျိုးက သဝန်တွေတိုကာ ...

"မိုးရွာမလား မသိဘူးသူတ ဒါရိုက်တာ့ ပစ္စည်းတွေ ခုနနေရာမှာ မြန်မြန်သွားသိမ်းစမ်း ..."

သုတကို စိန်က သူမတို့ ဟိုတယ်လုပ်ငန်းမှာ အလုပ်ပေးတော့မည် ဆိုတာ ကြားလိုက်တည်းက ညီဇော်နဲ့ နေ့စဉ် တစ်ခုမဟုတ် တစ်ခု

ပြဿနာတက်သည်။ မတန်မရာဆိုသည့် သဝန်တိုစိတ်နှင့် သူတို့လည်း သုတကိုကြည့်လို့ မရ။ စာမတတ်ပေမတတ် သူဆင်းရဲဆိုပေမဲ့ သုတကို ပုံစံပြောင်းကြည့်လိုက်တာနှင့် နှစ်ယောက်က လိုက်ဖက်ညီနေသည်။ ထို့ပြင် သုတနဲ့စိန်ရယ် ညီဇော်ရယ်က ရွယ်တူတွေ။ ဒါတွေကို ညီဇော်နဲ့ အရင်းနှီးဆုံးဖြစ်သည့် သူကအသိဆုံး ... ၊

"ဟိတ်ကောင် ... ခိုင်းနေတာသွားလေ ... "

"ဟင် ... ဟုတ်ကဲ့ ... "

ကားထဲက စိန်ဆင်းလာမလားလို့ သုတက ငေးနေသည်။ သို့သော် ကားထဲက ထွက်လာတာ စိန်မေမေ ဒေါ်လှဲ့ရည်ဖြစ်နေခဲ့လျက် ကမန်းကတန်း လှည့်ထွက်လိုက်သည့် သုတရဲ့ ညာဘက်ပါးပြင်နဲ့ လက်မောင်းကို ပါးလွှာသော ပန်းနုရောင်ပဝါပါးလေး တစ်ထည် နူးနူးညံ့ညံ့လေး ပြေးကပ် ရစ်ပတ်သွားလေသည်။

"ဟဲ့ ... ဟဲ့ အမလေး၊ လုပ်စမ်း ... ယူလိုက်စမ်း ..."

သမီးရဲ့ပဝါ သုတကိုယ်မှာ ရစ်ပတ်သွားသဖြင့် ဒေါ်လှဲ့ရည် ဒေါသတွေးတက်မတတ် ဆွေ့ဆွေ့ခုန်လေသည်။ ခဏအတွင်းမှာ အဖြစ်အပျက်တို့သည် ကွင်းဆက်အတိုင်း မြန်မြန်ဆန်ဆန်ကြီး ဖြစ်သွားခဲ့၏။ ရှုတင်လုပ်နေသည့် တိုက်ကြီးရဲ့ တစ်နေရာစီမှာ ညီဇော်နဲ့စိန် ရှိနေကာ စိန်ကအိမ်က ကားဝင်လာတာတွေ့လို့ ထွက်လာတာဖြစ်သည်။

ညီဇော်က စိန့်နောက် လိုက်လာတာဖြစ်လျက် သူ့မရှေ့မှာ သုတကို တွေ့လိုက်သဖြင့် စိန့်ကို ကျော်ပြီး တက်သုတ်ရိုက် လျှောက်၏။

အလယ်မှာ သူရှိနေတာတောင် ပဝါသည် သူ့ကိုကျော်၍ သုတဆီ ဘယ်လိုတောင် လွင့်ရတာလဲ။

မိုးသက်လေက ဟူးဟူးရားရား တိုးတိုက်နေဆဲ ... ၊

"ပေးစမ်း ... "

အသာလေးပါလာမှာပဲ ထင်ပြီး စိတ်လိုက်မာန်ပါ ဆွဲယူလိုက်သည်။ သို့သော် သုတလည်ပင်းမှာ ပဝါကရစ်ပတ်နေသဖြင့် နောက်တစ်ခါ ဆောင့်ဆွဲလိုက်ပြီး ဒေါသသည် ...

"သူတောင်းစားကောင် ..."

"ခွပ် ... "

သုတ ပက်ခနဲ လန်ထွက်သွားသည်။ စိန့်မျက်လုံးထဲမှာ မီးတောက်တစ်ချက် ဖြစ်သွား၏။ သို့သော် စိတ်ထဲပေါ်လာတိုင်း ကောက်ကက်မပြောတတ်သည့် အကျင့်က ညီဇော်ကိုင်ထားသည့် ပဝါကို အသာလေး ဆွဲယူလိုက်ပြီးမှ ... ၊

"ဒီပဝါက ဟိုနံရံမှာ သွားကပ်ရင်ရော ရှင်ထိုးမှာပဲလား ..."

ဒါတမင်တကာလုပ်တာ မပါ။ ခွန်အားနည်းသူကို အနိုင်ကျင့်ခြင်းအပေါ် အကြီးအကျယ် ရှုတ်ချတတ်သည့် စိန့်အကြည့်တွေက ပြင်းထန်၏။ သူမသည် စကားလုံးထက်ပို၍ ပြင်းထန်သော မျက်လုံးများပိုင်ရှင် ဖြစ်သည့်အတိုင်း ထိုအကြည့်တွေကို ညီဇော်မကြိုက်။

သို့သော် တစ်ခုခု တုံ့ပြန်စကား ထွက်မလာမီ ဒေါ်လဲ့ရည်က သုတကို အထင်သေးသလို ရှုံ့ရှုံ့မဲ့မဲ့ ကြည့်ကာ ... ၊

"ကဲ ... တော်ပြီ သွားတော့ သွားတော့ ..."

"လာ သုတ"

ဦးကိုကြီးရောက်လာပြီး သုတကို ဆွဲထုတ်သွားသည်။

"မင်း ငါ့ကိုပြောချင်ရင် တခြားနေရာမှာ ပြောလို့ရတယ်စိန် ... "

မျက်နှာချင်း ထိမတတ်ပြောပြီး ခပ်ကျိတ်ကျိတ် တက်ခေါက်သည်။

"ရှင်က"

"သမီးတော်တော့ ... "

ဒေါ်လှဲ့ရည်က ညီဇော်နဲ့စိန့်ကို နည်းနည်းလေးမှ ရင်ဆိုင်ခွင့်မပြု။ ညီဇော်က ထွက်သွားပြီး စိန်ကျန်ခဲ့ကာမှ ... ။

"လူစုံနေကာမှ သမီးက ဘာဖြစ်လို့ ထွက်လာတာလဲ ... "

"လူစုံမှ ထွက်စရာလားမေမေ ... အိမ်ကကား ရောက်လာလို့ လမ်းထိပ်က မုန့်တီဆိုင် သွားမလို့ဆင်းလာတာ ... "

စိန်က ပြောနေရင်း ဒရိုင်ဘာလက်ထဲက ကားသော့ကို ဆွဲယူပြီး ကားဆီ ထွက်သွားသည်။ ဒေါ်လှဲ့ရည်က လက်ကိုင်အိတ်ကို လက်မှာ ချိတ်လိုက်ပြီး စိန့်နောက်ကို လိုက်သွား၍...

"မိုးတွေရွာတော့မယ် ... အဲဒီလိုဆိုင်မျိုးလေးတွေက ကျဉ်းကျဉ်းကျပ်ကျပ် မလုံမလဲနဲ့ မသွားနဲ့တော့ ... "

"စိန်ခေါင်းတွေ အုံနေလို့မေမေ ... ပူပူစပ်စပ်လေး သောက်ချင်လို့ ... "

ဒေါ်လှဲ့ရည် သိနေသည်။ ညီဇော် ရှူတင်လိုက်လာပြီဆို စိန်တစ်နေရာ ထွက်ဖို့ လမ်းစရှာသည်။ ညီဇော်သည် တကောက်ကောက် လိုက်နေမလား ... တစောင့်စောင့်နဲ့ ကျန်ခဲ့မလား ... ။ ဒီကောင်လေးလောက် စိတ်ရှည် သည်းခံတာမရှိ။ စိန်တံခါးဖွင့်လိုက်တော့ ထိုလက်ကို စိတ်မရှည်သလို ဆွဲဖြုတ်လိုက်မိကာ ... ။

"စိန်ရယ် ... အဲ့လောက်သိသိသာသာတွေ မလုပ်ပါနဲ့၊ ညီဇော့်ကိုသမီးပဲ လက်ခံခဲ့တာလေ"

မေမေတို့လူကြီးချင်း အဖွင့်တွေ အပိတ်တွေနဲ့ သေချာခဲ့လို့ဆိုတာ သူမ

ပြန်မပြောခဲ့ပါ။ ထိုစဉ် မိုးတွေတ ဖျောဖျောရွာချလာ၏။ စိန်က မိုးကို အကြောင်းပြပြီး ကားထဲဝင်ဖို့ ပြင်ကာ ဒေါ်လှဲ့ ရည်က အထဲပြန်ခေါ်ဖို့ ဆွဲထားတာ မလွှတ်။ နှစ်ယောက်စလုံးမှာ မိုးတွေစိုကုန်ပြီ ဖြစ်လျက် ... ။

ဟင် ...

မထင်မှတ်သည့် ထီးရိပ်တစ်ခုက စိန့်ကို မိုးပေးထားပြီဖြစ်ကာ ထီးပိုင်ရှင် သည် ...

"သုတ"

ဒေါ်လှဲ့ရည်မျက်နှာကြီးက မခံစားနိုင်တော့သလို နီရဲတင်းမာသွားသည်။

"ကျ ... ကျွန်တော်က ဒီကားနောက်မှာရှိနေလို့ပါ ...

"ဘာ..."

စိန်ကပြုံးသည်။ သို့သော် မိခင်ဖြစ်သူ၏ဒေါသကို သိလိုက်သဖြင့် မရမနေ သွားဖို့ ပြင်ထားသည့် ခြေလှမ်းကို ပြန်ရုပ်လိုက်သည်။ ပြီးတော့ ပြန်လှည့် ဝင်ခဲ့၏။ သူမမျက်နှာပေါ်က အပြုံးကို သေချာမြင်လိုက်သဖြင့် ဒေါ်လှဲ့ရည် တအံ့တသြကြီးဖြစ်ရင်း ဒေါသထွက်ဖို့တောင် မေ့လေသည်။ ဒီလမ်းသွား မည်ဆို မဖြစ်မနေသွားသည့်သူ။ ခြေလှမ်းပြီးရင် အဲဒီခြေလှမ်းကို ဘယ်တော့မှ ပြန်မရုပ်တတ်။

ခုကျမှ ဘာလဲ။

သုတကို မျက်မှောင်ကုတ်နှင့် ခပ်စူးစူးပြန်ကြည့်သည်။ ပြီးတော့ သမီး နောက်ကို ထက်ကြပ်မကွာ လိုက်ဝင်ခဲ့၏။ ကျန်ရစ်ခဲ့သည့် သုတနားထဲမှာ တော့ ပူပူစပ်စပ်လေး စားချင်သည် ဆိုသော စိန့်စကားသံတို့သာ စွဲကျန်ခဲ့ လျက် ...

မုန့်တီဆိုင် ဘယ်နားမှာလဲ ...။

***

ရခိုင်မုန့်တီဆိုင်က လူတွေပြည့်နေသည်။ ဒေါ်လှဲ့ရည်ပြောသလို ဆိုင်လေးက သေသပ်ပေမဲ့ သေးသေးကျဉ်းကျဉ်းလေးမို့ ဆိုင်ပြင်မှာ တန်းစီနေကြသည့်လူတွေ ပါရှိနေသေးသည်။ ထို့ပြင် မိုးက သိပ်မသည်းလိုက်ဘဲ တိတ်သွားသဖြင့် ဒီအချိန်မှာ ရခိုင်မုန့်တီဆိုင် လူပြည့်တာ ဆန်းတော့မဆန်းပါ။ ဆန်းနေတာက သုတပဲဖြစ်ကာ သူများနောက်က ဝင်တန်းစီရမှန်းလည်းမသိ။ တော်ကြာ ရှုတင် ဘရိတ်တော့မှာကို သိနေသည့် စိတ်က ဒါပါသွားဖို့လည်း အရေးကြီးသလို အမြန်ပြန်ရဖို့လည်း အရေးကြီးသည်ရှိရာ ... ၊

"ဟာ ... နောက်မှာ တန်းစီလေ ... "

ဟင် ...

သူပြန်ကြည့်တော့ စုံတွဲနှစ်တွဲက တိုင်ပင်ထားသလိုမျိုး သူ့ကိုကြည့်နေကြလျက် ...

"တန်းစီပြီး ခဏလေးစောင့်ပေးပါနော် ... ဒီမှာ ခုံအားတာနဲ့ နေရာချပေးပါ့မယ် ..."

ဆိုင်ထဲက အမျိုးသမီးကလည်း လှမ်းပြောနေသည်။ သုတရှေ့ကြည့်လိုက်နောက်ကြည့်လိုက် ဖြစ်သွားသည်။ သူဘာလုပ်မိလို့ လူတွေသူ့ကိုပဲ ဝိုင်းပြောနေကြတာလဲ ...

"ဒီမှာ သူများတွေ စောင့်နေရတာကြာလှပြီ ... ကျော်တက်ချင်သေးတယ် ..."

"ကျော်တက်တော့ ဘာဖြစ်လို့လဲဗျ ... ဈေးသည်က ရောင်းမှဖြစ်တာပါ၊ သူ ခင်ဗျားတို့ကို ပေးရင် ခင်ဗျားတို့ ရမှာပဲ ..."

"အယ် ... ရန်တွေ့တယ်ကြည့်စမ်း ... "

"ဟုတ်ပ ... ယောက်ျားကြီးဖြစ်ပြီး ... "

ခက်ပါလား ... အကျိုးအကြောင်း ပြောပြတာလည်း ရန်တွေ့တယ်ဖြစ်ရသေး ...၊ ပြီးတော့ ဘယ်သူကြည့်ကြည့် ဂရုမစိုက်နိုင် ... ၊

"ဒီနားမှာ ရုပ်ရှင်ရိုက်နေတဲ့အဖွဲ့က သူဌေးစားဖို့ပါ ... တော်ကြာ ရှုတင်သိမ်းတော့မှာ မို့လို့ ကျွန်တော့်ကို အရင်ရောင်းပေးလို့ မရဘူးလားအစ်မ၊ ဒီအထုပ်နဲ့ ဝယ်သွားမှာပါ ... "

သူ့အတွက်ပါဆယ်ဆိုတာ ပါးစပ်မယဉ်သေး ... ၊

"အထုပ်နဲ့လေ ... ယူသွားမှာ၊ ဆိုင်ထဲဝင်မထိုင်ဘူး ... "

ပါဆယ်မို့ရပါတယ် ဆိုတော့ မုန့်တီတစ်ပွဲကို နှစ်ရာတောင်။ ကိုယ်တစ်ခါမှ မစားဖူးပေမဲ့ သူများပြောသံကြားတာ တစ်ရာလား တစ်ရာ့ငါးဆယ်လားပါ ... ၊

"ဘာဖြစ်လို့ နှစ်ရာလဲအစ်မ ... "

"ရှင်ပဲ အစုံထည့်မယ်ဆို ... ပဲကြော်ရယ် ပဲသွေးရယ် ငါးဖယ်ရယ်က တစ်ရာ၊ မုန့်တီကတစ်ရာ ... "

ပိုက်ဆံပါသွားလို့ တော်သေးသည်။ အနံ့က မွှေးကြိုင်နေပေမဲ့ သူတစ်ခါမှ မစားခဲ့ဘူးပေ၊ စားရအောင် သရေစာလည်း သူ မမက်ပါ။ သရေစာတင်မက ထမင်းဟင်းတောင် အဆာလွန်တာတွေ ဆာလွန်းတာတွေ တစ်ခါမှမဖြစ်ခဲ့ဘူးတာ အမှန်ပင်။ ပြောရလျှင် ဘယ်အစားအစာကိုမှ သူမမက်။ ဒါဆို စားချိန်တန်တာနှင့် ထမင်းပွဲရှေ့ ရောက်ပြီးသား ဖြစ်နေလို့လား မေးစရာရှိသည်။ ထိုအခြင်းအရာတွေ ကိုလည်း သူမသိ။ သူသည် ရောင့်ရဲနိုင်သည့် လူစားထဲမှာပါနေတာလား ... ဘာကြောင့်လဲ ...၊

"ဟိတ်ကောင် ... မင်းက ဘယ်သွားနေတာလဲ၊ ရှုတင်ဘရိတ်ပြီ ... "

"ဟုတ်လား ... "

သက်မောင်က ဆီးဆူတော့ သူလန့်သွားသည်။ သက်မောင်ကလည်း အကျိုးဆောင်တာ မအောင်တာကြောင့် သူကိုယ်တိုင် ဝင်းမျိုးရဲ့ ဆူခံထိထားသဖြင့် ညစ်မဲ မဲတာဖြစ်သည်။ ထို့ပြင် စောစောကပဲ မန်နေဂျာဝင်းမျိုး မချင့်မရဲ ပြောနေသေးသည်။

"ဒါတောင် ဒီကောင်ဘယ်လို တက်သွားတာလဲ"တဲ့ ...၊ သူသေချာ သံချက်ဖြုတ်ထားသည့် ပျဉ်တိုင်ကို ခတ်ပုံရိုက်ပြတော့ အံ့သြနေတာဖြစ်ကာ ဒီကောင်ပေါ့ သေးသေးမဟုတ်ဘူး ... ခွေးသူခိုး စောင့်ကြည့်ရမယ်' တဲ့ ...၊ ဒါတွေရှိထားခဲ့တာမို့ သက်မောင် ဒေါသကျိတ်ထွက် နေတာဖြစ်သည်။ ဘာလဲ ... ရှေးခေတ်က လူစွမ်းကောင်းတွေလို ဖိုလ်ဝင်သားတွေ ဘာတွေ စားထားလို့ တုံးကျော်ဓားပြီး ဖြစ်နေတာလား ... ၊

"ဒါက ဘာလုပ်ဖို့လဲ ... "

"ဒါက သူဌေး သူဌေးအတွက်ပါ ... "

"ဘာ..."

နေ့လယ်က ဖြစ်ပျက်သွားသည့် ကိစ္စတွေကို သက်မောင်က သေချာမသိလိုက်။

"ဒါ သူဌေးက ခိုင်းတာလား ..."

အထုပ်ကို ငုံ့ကြည့်ပြီးမှ ပြန်မော့ကြည့်၏။ ပြီးတော့ ခေါင်းခါလိုက်ရင်း ...

"သူဌေးက ဒါစားချင်တယ် ပြောနေတာကြားလို့ပါ ..."

"အံမာ ... လုပ်ပုံက ..."

သို့သော် ...၊

သုတက သူများမျက်နှာရိပ်ကို မကြည့်။ သူ့ကို မလိုလားသည့်ပုံစံနှင့်

ဆက်ဆံတာ မန်နေဂျာ ဝင်းမျိုးရယ် သူဌေးညီဇော်ရယ်လို့ပဲ စိတ်ထဲမှာရှိကာ တခြားသူတွေကို ထည့်လည်းမတွက်။ ဂရုစိုက်မိပုံလည်းမရှိ။ ထို့ကြောင့် ညီဇော်တို့မသိအောင် အကူအညီတောင်းသလိုကြည့်၍ ...

"ဒါလေး သူဌေးကိုသွားပေးပေးပါဗျာ ... နေ့လယ်က မိုးရွာလို့မသွားနိုင် ... "

"သုတ"

"ဗျာ ... "

"မင်းကိုယ်မင်း ဘာမှတ်နေသလဲ ... ငါတော့မင်းကို ဘာမှတ်ရမှန်းကို မသိတော့ဘူး ..."

ကြည့်ပုံသည် သက်မောင် ဘာတွေပြောနေတာလဲ ဆိုသည့် မျက်ဝန်းတို့နှင့် ... ၊

"သူဌေးက မခိုင်းဘဲနဲ့ မင်းက ဝယ်ပေးရအောင် ... ဒါမျိုးဂရုစိုက်ခွင့်၊ ကျွတ် ... မင်း မင်းတော့ ကိုဝင်းမျိုးနဲ့တွေ့တော့မယ် ..."

"ငါနဲ့အရင်တွေ့မယ်၊ လာစမ်း ... "

"ကျွန်တော့်မှာ ဘာအပြစ်ရှိ ... "

ရုတ်တရက် ရောက်လာတာက ညီဇော်ဖြစ်ကာ လူအုပ်စုနဲ့ နည်းနည်းလှမ်းသည့် နေရာမှာမို့ သုတကိုကုပ်ပိုးစဆွဲခေါ်သွားတာ သတိမထားမိလိုက်ကြ။ ရုန်းကန်ဖို့ လက်ပေါ်ကို သုတဖတ်ခနဲ အုပ်ကိုင်လိုက်သေးသည်။ ညီဇော်မှန်း သိလိုက်သည့်စိတ်က အရုပ်တစ်ရုပ် ပြန်ဖြစ်သွားခဲ့လျက် သူအပန်းတကြီး သွားဝယ်လာခဲ့သော မုန့်တီထုပ်သည် မြေပြင်ပေါ်သို့ ခုန်ဆင်း ပေါက်ပြဲကုန်လေသည်။

"မင်း ဒီအလုပ်က ထွက်မလား ... ဆက်အထိုးခံမလား ... "

"ခွပ် ... "

"ကျွန်တော်..."

"ခွပ် ခွပ် ... "

ထားလိုက်ကာ ... ။

စကားပြောဖို့ပြင်တိုင်း လိမ့်ထိုးနေသည့် ညီဇော့်လက်ကို ရှုတင်မန်နေဂျာက ဖမ်းဆွဲထား လိုက်ကာ ...

"လက်လွှန်လိမ့်မယ် ကိုညီ ... "

"မင်းမတွေ့ဘူးလား ... ငါ့ကိုခုထိကြည့်နေတဲ့မျက်လုံး ..."

လက်သီးချက်တွေကို ပန်းနဲ့ပေါက်နေတယ် ထင်နေသလား ...၊ သုတကလည်း သူဘာကြောင့် ခံနေရလဲဆိုတာကို မသိရဘဲ မျက်လုံးမှိတ်မှာ မဟုတ်သည့် အမှန်တရားနှင့် ...

"သူဌေး ... ကျွန်တော့်ကို တစ်ခုခုပြောပြပါ၊ ကျွန်တော် ... "

"အံမာ ... "

"ကိုညီတော်တော့ ... သူ့ကိုထုတ်ပစ်ဖို့ ဦးကိုကြီးကို ကျွန်တော်ပြောလိုက်ပါ့မယ် ... "

အထိုးခံနေရသူက နှုတ်ခမ်းထောင့်မှာ သွေးစိမ့်နေတာလေးပဲ မြင်ရကာ ထိုးကြိတ်နေသည့် ညီဇော့် ရင်ဘတ်ကြီး ဖားဖိုထိုးသလို တလှိုက်လှိုက် ဖောက်ကွဲနေသည်။ ချွေးတွေရွှဲနေသည်။ ဒေါသမောဟ စိတ်တို့ကြောင့် မျက်နှာပြင်သာမက နားရွက်ဖျားတွေ ရင်ဘတ်လည်တိုင် အသားရောင်ထိပါ ရဲညိုနေခဲ့၏။ တစ်ချက်ထိုးလိုက်တိုင်း ခေါင်းထောင်လာသည်။ မျက်လုံးတွေက စူးရဲလာ၏။ ဒီလောက်ထိုးနေတာ သွေးယိုစီးနေပါလား ... ခေါင်းငိုက်စိုက် ကျနေပါတော့လား ... ဒါမှမဟုတ် သေသွားနိုင်သည့် ထိုးချက်

တွေ ... ၊

"တောက် ... ဒီကောင် ငါ့ကိုစိန်ခေါ်နေတာ"

"ခွပ် ... "

သံဂိုဒေါင်ကြီးထဲမှာ သူတို့သုံးယောက်အပြင် ဘယ်သူမှမရှိသည့်နောက် ...

***

"ဟင် ... နင့်ကိုထိုးတာ ကိုးချက်တောင် ...

"အင်း ... အဲ့လောက်ရှိမယ်ထင်တယ် ... "

မကဘူးဆိုတာ စိတ်ကသိနေသည်။ ဒါပေမဲ့ အတိအကျလည်း မသိတာမို့ မပြောဖြစ်။ အစ်မဖြစ်သည့် မေသူက ကိုယ့်မောင်လေး ရန်ကုန် ရောက်လာတာတောင် ဘာမှ မလုပ်ပေးနိုင်တာကြောင့် ရင်နင့်နေခဲ့တာဖြစ်သည်။ နောက်ဆုံး 'ငါ့ မောင်လေး အလုပ်ရှာ အလုပ်မရခင် အစ်မအိမ်မှာနေ" ဆိုတာမျိုးလောက်တောင် ခဏတစ်ဖြုတ် တာဝန်မကျေနိုင်တဲ့သူ၊ သုတ အလုပ်ရှာချိန်မရခဲ့သဖြင့် ရရာအလုပ်ဝင်လုပ်ရင်းဒီလိုဖြစ်လာရတာမို့ ...

"နေစမ်းပါဦး ... သူတို့အလုပ် မလုပ်စေချင်ရင် မလာနဲ့တော့ ပြောလိုက်ပေ့ါ၊ ဘာကိစ္စ ထိုးရကြိတ်ရတာလဲ ... "

"သူတို့က မလုပ်စေချင်တာကြာပါပြီ ... "

မပွင့်တပွင့်ပြောရင်း သုတ အသံတိတ်သွားသည်။ သူတို့က မင်းကို မကြည်ဘူး' ဆိုတဲ့စကား ဦးကိုကြီးဆီက သူကြားရသည်။ ဘာဖြစ်လို့လဲ မေးတော့မပြော။ ဦးကိုကြီး ကိုယ်တိုင် တွေးရခက်နေပုံရှိကာ 'ထင်စရာမဟုတ်တာကွာ'လို့ တစ်ယောက်တည်း ပြောနေ တတ်တာလည်း ရှိသည်။ တစ်ခါတလေ သူ့ကို စိုက်ကြည့်နေတတ်တာလည်း ရှိလျက် ... ၊

"သူဌေးစိန်မမကို မင်း လိုက်လိုက်မကြည့်နဲ့" လို့လည်း မှာ၏။ စိန်မမဆို

တာ နာမည်မဟုတ်ပါ။ သူမက အနေတည်သည့်အပြင် ပရိဂျူဆာ ဖြစ်နေသောကြောင့် နာမည်စိန်ကို တပ်ပြီး ကွယ်ရာမှာ ခေါ်ကြတာဖြစ်သည်။ သူမလောက် ကျက်သရေရှိသည့် အလှမျိုးကို သူမမြင်ဖူး။ စကားပြောတော့ တည်ငြိမ်သည်။ သူ့ကိုလှမ်းကြည့်ခဲ့သည့် အကြည့်တစ်ချက်ကို မမေ့နိုင်။ သူမ ပြုံးပြသွားသည့်နေ့က သူတစ်နေကုန် ထမင်းမစားနိုင်ခဲ့ပေ ...

"ခုခေတ်မှာ စာမတတ်တဲ့သူ မရှိသလောက်ပဲ ... ရှင်က ဘာဖြစ်လို့ စာမသင်ခဲ့ရတာလဲ ...တဲ့ ...၊

သူ့ဘေးမှာလာရပ်ပြီး မေးခဲ့ဘူးသည်။ သူမကိုယ်က သင်းပျံ့ကြိုင်လာသည့် ကိုယ်သင်းနံ့က သူ့နှာခေါင်းထဲမှာ ထာဝစဉ်စွဲလေသည်။ သူစာဖတ်တတ်ပါသည်။ ရေးတတ် ဖတ်တတ်တော့ ရှိပေမဲ့ မကျွမ်းကျင်။ ကျွမ်းကျင်ဖို့လည်း စိတ်မဝင်စားခဲ့ပေ။ ဘဝမှာ ဘယ်တုန်းကမှ ကိုယ့်ကိုယ်ကိုယ်လိုအပ်ချက်တွေ ရှိနေသည်မထင်။ အားငယ်တတ်ပေမဲ့ မခံစားတတ်တာမျိုးလား ...

"ရှင်နဲ့အဆင်ပြေမယ့်အလုပ်မျိုး ကျွန်မ ပေးနိုင်မယ်ထင်တယ် ... ရှင်လုပ်နိုင်မလား ... "

မေးတုန်းက သူခေါင်းညိတ်ခဲ့တာ ဘယ်နှခါမှန်းမသိ။ ထို့ပြင် သူ့ငွေးတို့အိမ်မှာလားဟင်' လို့ ဘယ်လိုသတ္တိနဲ့ မေးရဲခဲ့သည်ဆိုတာမသိ။ သူမကပြန်ဖြေတာ 'ဟိုတယ်မှာ' တဲ့ ... ၊

"ကျွန်မအဖေ ဦးစီးတာလေ ... ဖေဖေက အသက်သိပ်မကြီးသေးပေမဲ့ ရင်ကျပ်ပန်းနာရှိတော့ ပင်ပန်းမခံနိုင်ဘူး၊ ရှင်ရိုးသားတာကို ကျွန်မပြောပေးပါ့မယ် ... ဖေဖေ့နားမှာ နေပေးဖို့ ဖြစ်ဖြစ်ပေါ့ ..."

ပြောတော့ ပျော်လိုက်တာနှိုင်းပြစရာမရှိအောင်ပင်။ သူမကပြောသည်။ "ဒီကား ရိုက်ပြီးရင်"တဲ့ ... ၊ ခုတော့ ဇာတ်ကားရိုက်လို့ မပြီးသေးခင် သူ

ထွက်ခဲ့ရပါပြီ ... ။

"ဒါဆို နင့်သူဌေးမမ မသိလောက်ဘူးထင်တယ် မောင်လေး ... "

အားတက်သရော ပြောပြီးမှ ကိုးချက်တောင် အထိုးခံရသည့် အဖြစ်ကို တွေးမိကာ သုတ ပခုံးကို ပုတ်လိုက်ရင်း ... ။

"အစ်မက သူဌေးကို တိုင်ဖို့ပြောတာ မဟုတ်ပါဘူး ... နင်မလုပ်ချင် မလုပ်ပါနဲ့တော့ သုတရယ်၊ ငါ့အိမ်မှာပဲ တစ်ပတ် ဆယ်ရယ်လောက်တော့ ... "

"ကျွန်တော် အလုပ်ရှာမှာပါ ... မမကလည်း မပေ့ါမပါးကြီးနဲ့ ၊ ဒါနဲ့ အလုအလုပ်လုပ်တာ ဘယ်ဆိုင်မှာလဲ သိရပြီလား ... လိပ်စာက မှားနေတယ်ထင်တယ် ...

အစ်မနှစ်ယောက်က အလုပ်လုပ်ဖို့ ရန်ကုန်တက်လာကြရင်း တစ်ယောက်က အိမ်ထောင်ကျကာ တစ်ယောက်က အလုပ်လုပ်နေဆဲ။ ကံတူအကျိုးပေးတွေ လာစုနေကြသည့် အဖြစ်မှာ ညီအစ်မ နှစ်ယောက်သည်လည်း စာပေ မတောက်တစ်ခေါက်သာ တတ်ကြပြီး မောင်နှမ သုံးယောက်စလုံး ပညာတတ်တစ်ယောက်မှမပါ။ ကိုယ်မတတ်တာထက် ယောကျ်ားလေးဖြစ်ပြီး စာလည်းမတတ် အသက်မွေးဝမ်းကျောင်း ပညာလည်းမတတ်သောသုတအတွက် မေသူပိုပြီး စိတ်မကောင်း ဖြစ်မိရသည်။ တောမှာနေရင် မသိသာပေမဲ့ခုကျမှ ...

"ငါ့အထင်တော့ နင့်သူဌေးက နင့်ကို အလုပ်ပေးမယ် ဘာညာဆိုတာကို သဝန်တိုတာ များလား ... နင့်ကိုထိုးတဲ့သူက သူဌေးမရဲ့ မောင်လား အစ်ကိုလား ...

"စေ့စပ်ထားကြတယ်လို့ ပြောတာပဲ ... "

ဟင် ...

အိမ်ထောင်သည်မို့ ဒီလိုအရေးကို ကြားလိုက်တာနဲ့ တန်းခနဲသိသည်။ ကိုယ့်မောင်လေးကို အထင်သေးတာ မဟုတ်ပေမဲ့ ဖြစ်စရာလား ဟယ်' လို့တော့ တွေးလိုက်မိသည်။ ဆင်းရဲချမ်းသာ ကွာဟနေတည်းက ဒီလောက်ချမ်းသာပြီး ဒီအသက်အရွယ် ရှိနေပြီဖြစ်တဲ့ သူဌေးမက သိက္ခာကျခံပြီးကြိုက်မှာတဲ့လား ...၊ ခုလို ပညာပါမတတ်တဲ့ ဆင်းရဲသား တစ်ယောက်ကိုသဝန်တိုတာ ဘယ်လိုလူတွေပါလိမ့် ...၊ ထိုစဉ် ... ၊

"ဟင် ... သူဌေး ... "

အိမ်ရှေ့မှာလူရိပ်ပေါ်လာသဖြင့် နှစ်ယောက်စလုံး ပြိုင်တူ မော့ကြည့်လိုက်မိကာ သုတ ပျာပျာသလဲဖြစ်သွားသဖြင့် ... ၊

"ဟယ် ... "

သူဌေးဆိုတည်းက သူမပဲဆိုတာ သိလိုက်သည်။ ခရမ်းပြာရောင် ဆွဲသားကို မြန်မာဝတ်စုံ ချုပ်ထားသဖြင့် ယဉ်စစနှင့် အထက်တန်း ကျနေတော့သည်။ ထို့ပြင် အပြာရောင်နုနု ပုတီးကုံးတွေက ရင်ညွန့်ထိကျနေသဖြင့် အလှပေါ်အယဉ်ဆင့်ဆိုသလို ယဉ်နေသည့်ကြားက နုသစ်လတ်ဆတ်နေ၏။ သူမသည် အနက်ရောင် ကြိုးသိုင်းဒေါက်မြင့်နှင့် အရောင်တူ ပိုက်ဆံအိတ်ပြားလေးကို ကိုင်ထားသည်။ သုတမျက်လုံးထဲမှာ ကြယ်တွေစုံနေတဲ့ ကောင်းကင်ပြင် မျက်နှာရှေ့ ရောက်လာသလိုမျိုး ... ၊

"သ ... သူဌေးဒီထိ ... "

"ရှင် တစ်ခုခု ဖြစ်သလားလို့ ..."

မြတ်စွာဘုရား ...

မေသူမျက်လုံး ဝိုင်းသွားသည်။ ပြောလိုက်သည့်ပုံက သူစိမ်းတွေနဲ့မတူ။ သို့သော် သူမမျက်နှာပေါ်က တည်ငြိမ်ခြင်းသည် မရိုးမသား တွေးမိသည့်လူ

ထိုင်ငိုသွားလောက်အောင် အေးချမ်းနေကာ … ၊

"ကျွန်မက နိမိတ်တစ်ခုခုဆိုရင် အိပ်မက်ထဲ ပါလာတတ်တာ … ဟို တစ်ခါက ထိုးကြကြိတ်ကြ ဖြစ်ထားလို့ စိတ်စွဲတာလားထင်ပြီး လာကြည့်တာလေ … "

နိမိတ်မြင်တယ်ဆိုတာ ဘယ်လို ဆက်သွယ်ချက်တွေလဲဆိုတာ သူမ မသိလေရော့သလား …၊ ထိုးကြကြိတ်ကြလို့ စိတ်စွဲတယ်ဆိုတာရော အဲဒါက သုတကို စိုးရိမ်ပူပန်သွားတာမျိုး မဟုတ်နိုင်ဘူးလား …၊ မတွေးရဲပေမဲ့ အတွေးက ထိုသို့ ရောက်စေသော … ၊

"ထိုင်မယ်နော် … "

"ဟင် … ဩော် အံ့ဩလွန်းလို့ ထိုင်ပါပြောဖို့တောင် မေ့နေပါတယ်ရှင်၊ ခဏလေးပါ သူငွေးရယ် … သစ်သားပြင်က အခင်းတောင်မရှိဘူး၊ သင်ဖြူးလေး ခင်းပေးပါ့မယ် … "

ငှားထားတာက ပေနှစ်ဆယ်အိမ်တော့ ဟုတ်ပါရဲ့၊ ခေါင်မိုးကမကောင်း၊ အခင်းက ပျဉ်ကြမ်း ခပ်ကျဲကျဲ၊ ထိုနေ့က ပြောဖြစ်ကြသော အကြောင်းတို့တွင် သုတနဲ့ ရန်ငြိုး သူတို့အကြောင်းသာ … ၊

"နေပါစေကိုသုတ … နေလည်းမကောင်းဘဲနဲ့"

"ကျွန်တော် ဘာမှမဖြစ်ပါဘူး … သူငွေးကြိုက်လောက်မယ့် သရေစာ လမ်းထိပ်မှာ ရှိတယ်၊ ကျွန်တော် မှန်းဝယ်ခဲ့မယ်နော် … "

သိတာက ပူပူစပ်စပ်လေး စားချင်တယ်လို့ ကြားဖူးရုံပါ။ သို့သော် စိတ်ကိုက တကယ်သိနေသလိုလို မရှုံ့ မတွန့်ပြောပြီး အားရဝမ်းသာ ထွက်သွားခဲ့၏။

"ကိုးချက်တောင် ထိုးလိုက်တယ်ဆိုတာ ကျွန်မ … အဟွန်း ဘယ်လိုယုံရ

မှန်းတောင် မသိဘူး"

သုတကိုမယုံတာ မဟုတ်ပါ။ ဒီလောက် အငြိုးကြီးနဲ့ ထိုးကြိတ်ရ လောက်အောင် ဘာအပြစ်တွေ ရှိထားလို့လဲဆိုသည့် အချက်။ ကိုယ့်ကိုဘာမှ ပြန်မလုပ်ရဲတဲ့လူကို။ စိန့်မျက်နှာ ပြုံးသလိုရှိပေမဲ့ မျက်လုံးလေးတွေက အေးစက်နေကြသည်။ သူမ အိပ်မက်ထဲမှာ သုတကို လူနှစ်ယောက် ထိုးကြိတ်နေကြသည်။ အခန်းသည် မှောင်နေကာ သုတပါးစပ်မှာ သွေးတို့ဖြင့် ခြင်းခြင်းနီနေ၏။ သူမ လန့်နိုးသွားခဲ့သည်။ ဘာဆိုင်လို့လဲဆိုသည့် မေးခွန်းနှင့် မိုးသာလင်းသွားသည် ပြန်အိပ်လို့မရတော့ပေ။ ထင်သည့်အတိုင်းပင် သူမ ရှုတင်ကိုရောက်သွားတော့ သုတကိုမတွေ့ တော့ပေ။ ဒါမရိုးသားမှုဆိုတာ အိပ်မက်နှင့်တွဲစပ်ပြီး တပ်အပ်သိလိုက်သည်။

ဒါပေမဲ့ ကိုယ့်ဘက်ကနေ စုံစမ်းဖို့ကမလွယ် ... ။

"ကျွန်မလည်း နာမည်တွေမေးတာပဲ ... သူကမပြောဘူး၊ ကိုယ်သိတဲ့လူတွေ မဟုတ်တော့ သူပြောလည်း မထူးပါဘူးဆိုပြီး မရမက မမေးဘဲထားလိုက်တာပါ ... ဒါပေမဲ့ တစ်ခုတော့ ပြောတယ် သူဌေး ..."

"ကျွန်မကို စိန်လို့ပဲခေါ်ပါ ... "

"အို ... မဟုတ်တာ ... "

နာမည်ကလည်း စိန်တစ်လုံးတည်း။ ဒီလိုကြီးတော့ မခေါ်ရဲပါ ... ။

"သူ့ကိုနည်းနည်း အစ်အောက်ကြည့်လိုက်တော့ သူ့ကိုထိုးတဲ့လူ ဟုတ်မဟုတ်တော့ မသိဘူး၊ ဒါပေမဲ့ အဲ့ထဲမှာ သူဌေးနဲ့စေ့စပ်ထားတဲ့ လူတော့ပါတယ် ... "

စိန် မျက်နှာသိသာစွာ ပျက်သွားသည်။ သူမ ဘာမှ ထပ်မပြောနိုင်တော့ဘဲ ထိုဖြစ်ရပ်ကို မေ့ထားလိုက်ပြီး သုတအကြောင်းတွေပဲ ပြောဖြစ်ခဲ့၏။ သုတ

နဲ့ပတ်သက်သမျှ အံ့ဩဖွယ်တွေချည်း ဖြစ်နေခဲ့လျက် သနားဖို့လည်းကောင်း၏။ သို့သော် သူမကတော့ သူတကို အလုပ်ပေးဖို့ မဖြစ်နိုင်တော့ပါ။ သုတကိုပဲ ကာကွယ်ပြီး ညီဇော်နဲ့ ဆက်ဆံရေးကို အပျက်ခံမလား ... ဒါမှမဟုတ် ညီဇော်နဲ့ပဲ အဆင်ပြေအောင်နေမလား။ စိတ်သည် ချိန်ခွင်လျှာကဲ့သို့ အလယ်မှာပဲ တိတ်ဆိတ်စွာ ခိုင်မြဲနေခဲ့သည်။ သုတဆိုသည့် လူတစ်ယောက်နဲ့ ပတ်သက်ပြီး သူမဘက်မှာ ယှဉ်တွဲ ရွေးချယ်ဖွယ် ဖြစ်လာလိမ့်မည်ဟု နည်းနည်းလေးတောင် တွေးမကြည့်ခဲ့ဘူးပါ။ ရွေးချယ်ဖို့လည်းမလို။ ရွေးစရာ အကြောင်းလည်း မရှိ။ ဒါပေမဲ့ သူမကြုံလာခဲ့ပြီဖြစ်သည်။ မြင်မြင်ချင်း ဖြစ်မိသော စေတနာ တစ်ရပ်သည် သံယောဇဉ်နွယ်တစ်ပင် ဖြစ်နေခဲ့တာ သေချာသိတော့ ပင့်သက်ရှိုက်မိ၏။

သုတသည် သတိထားမိလောက်အောင် ရိုးသားလွန်းသည်။ သူမကို ငေးကြောင် ကြည့်နေခဲ့သည်မှ စ၍ မြင်သာသောနေရာမှာ ရှိနေတတ်တာ သတိထားမိခဲ့သည်။ သူမအတွက် ဘာမဆို ပျော်ယာခတ်အောင် လုပ်ပေးချင်တဲ့သူ။ ပြီးတော့ ရှေ့ရောက်အောင် မလာရဲဘဲ တစ်ဆင့်ပေးနှင့် ပုန်းရှောင်နေတတ်၏။ သူမစိတ်မှာဖြစ်မိတာ ကရုဏာသက်သက်သာ။ သို့သော် ဒါကို အရောင်ဆိုးပြီး ရိုးသားတဲ့လူကို ဒုက္ခပေးနေကြသည်။ သူမ မျက်ကွယ်ပြုသင့်သလား ... တစ်ခုခုကို ခေါင်းညိတ်လိုက်တာနဲ့ ဝရဇိန်လက်နက်နဲ့ ဦးခေါင်းရှစ်စိပ်ကွဲရမည့် အဖြစ်မျိုး ... ।

"သူဌေးအတွက် ကျွန်တော် ငွေးသီးပေါင်းဝယ်ခဲ့တယ်ဗျ ..."

နားထဲမှာ အဝင်တော့ ဆိုးသည်။ ဒါပေမဲ့ သူပြောပုံကြောင့် စိန်ပြုံးလိုက်မိသည်။

ထိုမျက်နှာကို မေသူက ငေးနေခဲ့၏။

"အပေါ်က ငရုတ်သီးမှုန့်လေး ဆမ်းလာခဲ့သေးတယ် ... နောက်ပြီး စပ်ရင်

သောက်လို့ ရအောင် ရှပ်ဆိုလား ... သူဌေးသောက်တတ်တာတွေလို့ ဒီအရောင်လေ ... ဒီမှာ ..."

အအေးဘူးကို သောက်တာမြင်ဖူးလို့ သိနေတာ မဆန်းပါ။ သူမ ငွေးသီးပေါင်းကြိုက်တာ ဘယ်လိုသိနေတာလဲ.။ အသက်အရွယ်လေး ရလာကတည်းက လမ်းဘေးဆင်းပြီး ဈေးမဝယ်ဖြစ်ခဲ့ တာလည်း ကြာပြီ။ ဒီလို အချဉ်အစပ်လေးတွေနဲ့လည်း ဝေးနေခဲ့တာလည်း ကြာပါပြီ။ အချဉ်ပေါင်းတွေထဲ သူမကြိုက်တာ ငွေးသီးစိမ်း လတ်လတ်ဆတ်ဆတ်ကို အချိုရည်စိမ် ငရုတ်သီးမှုန့် ဖြူးထားတာလေး ...

"အင်း ... ကြိုက်တယ် ... "

"ကြိုက်တယ် ... "

သူဝယ်တာလေးကို ကြိုက်တယ်လို့ပြောလိုက်တာနှင့် သုတ ရယ်နေတာမပြီးနိုင်။ ပါးသိုင်းမွေး နှုတ်ခမ်းမွေးတွေကြားထဲက နှငယ်သွားစေသော လွတ်လပ်စွာရယ်နေခြင်းက စိန့်မျက်လုံးထဲမှာ အေးချမ်းနေသည်။ သူတို့ကို ကြည့်ပြီး စိတ်ချမ်းသာနေတာက မေသူပါ။ တစ်ယောက်က လူငယ်ပုံလေး ပေါက်နေကာ တစ်ယောက်က မောင်ကိုချစ်နေသော အစ်မတစ်ယောက်၏ နူးညံ့ခြင်းမျိုး။ သို့သော် သူတို့သည် မောင်နဲ့အစ်မ မဟုတ်။ ထိုစဉ် အင်္ဂလိပ်သီချင်း သံသဲ့သဲ့လေးနှင့် ဖုန်းဝင်လာ၏။ ထုတ်ကြည့်လိုက်တော့ ညီဇော် ... ။

သူမ မျက်နှာပျက်သွားတာကို မြင်လျှင်ရယ်နေသည့် သုတမျက်နှာ တည်သွားသည်။

ပြီးတော့ ဖုန်းကိုကြည့်ကာ ... ။

"သူဌေးပြန်တော့မှာလားဟင် ... "

စိန် သူ့ကိုမဖြေနိုင် ... ၊

"ဟလို ... "

" ... ... ..."

"ဟုတ်တယ် ... လူနာသတင်းမေးပေါ့ ... "

စိန့်မျက်နှာ အနီရောင်သန်းသွားသည်။ ပြီးတော့ ဘာမှ မပြောဘဲ ဖုန်းချပစ်လိုက်ကာ၊

"ပြန်တော့မယ် ... ရှင်ရော ... "

"ဗျာ ..."

"ကျွန်မကားက လမ်းထိပ်မှာ ထားခဲ့တာလေ ... လမ်းထဲမှ ကားဝင်လို့မရတာ ... "

"ဟုတ်သားပဲ ... မောင်လေး လိုက်ပို့လေ သူ့ဌေးကို၊ လမ်းထဲမှာ ခွေးလေခွေးလွင့်တွေကပေါ ကလေးတွေက အဆော့သန်တာနဲ့ မေသူက စကားကြောင်းပေးသည်။ သို့သော် ...၊

"ဟင့်အင်း ... ကျွန်တော် ... "

ခေါင်းခါပြီးမှ အားနာသလို ပြန်ကြည့်မိ၏။ ဒါပေမဲ့ သူစိန့်ဘေးကနေ ယှဉ်တွဲမလျှောက်ရဲ ...၊ သို့သော် ... ။

သူဘာလုပ်ရမှန်း မသိဘဲ မရဲတရဲကြည့်မိလျှင် မျက်ဝန်းတို့ငြိတွယ်သွားခဲ့လျက် ...

***

သူ့မှာပြောစရာတွေရှိနေသည်။ ရှိနေတာကိုလည်း သူမကို အသိပေးခဲ့ပြီးပြီ။ သို့သော် ဒါရိုက်တာစိုးထွန်းရယ် ဇာတ်ညွှန်းဆရာရယ် သုံးပွင့်ဆိုင်ပြောနေကြသည့် အလုပ်ကိစ္စတွေက ဒီနေ့ သူပြောဖို့ အလှည့်ကျမည်မထင် ..."

ဒါပေမဲ့ သူမကို ထိုင်ကြည့်နေရတာနဲ့ပဲ ကိုယ့်ပြဿနာကို မေ့ခဲ့လေသည်။ အနီနဲ့အနက် ကီမိုနိုအပါးသား အပွင့်ကို ရင်ဖုံးလက်တို အနီရဲရဲလေးနှင့် ဖြူဝင်းသည့်သူမ အသားရောင်လေးက လင်းနေသည်။ ထိုင်ပြီဆို ခြေချင်းချိတ်ထိုင်တတ်သော သူမရဲ့လှုပ်ရှားပုံတချို့ တော်ဝင်မင်းသမီး တစ်ပါးလို နန်းဆန်၏။ သူမသည် လှလွန်းသူတော့ မဟုတ်ပေ။ သို့သော် သိပ်သည်း ခိုင်ကျည်သော အလှတရားတို့နှင့် ဆွဲဆောင်မှုရှိသည်။ ပြောရပါလျှင် သူမ ရင့်ကျက်သူဆိုရင်လည်း ဟုတ်သည်။ နုပျိုသူဆိုရင်လည်း မှန်၏။ တကယ်တော့ တည်ငြိမ်နေနိုင်တယ် ဆိုတာ သူမမှာ ဘာခံစားချက်မှ မရှိလို့များ လား။

တစ်ယောက်တည်း တိတ်ဆိတ်စွာတွေးနေခြင်းတို့က နယ်လွန်ခဲ့လျက် ...

"ကျွန်မက ကိုစိုးထွန်းကိုပြောနေတာမဟုတ်ဘူးလေ ..."

စိန့်အသံကြောင့် သူ့စိတ်တွေ ဒါရိုက်တာဆီ ပြန်ရောက်၏။

"ဟုတ်ပါတယ် ... ကျွန်တော်ကလည်း မကြီးစိန်ပြောသလို လုပ်မယ့်သူ မဟုတ်ဘူး ဆိုတာ ပြောပြတာပါ၊ ဒီကားအတွက် ငွေကြိုချပေးဖို့ ပြောတာ ကလည်း ... "

"ကျွန်မငွေချပေးမှာ မဟုတ်ဘူး ကိုစိုးထွန်း ရုပ်ရှင်ကားကြီး တစ်ကား အတွက် ဘယ်လောက်သုံး မယ်ဆိုတာ အက်တာကြေးရဲ့နောက်မှာ လျှော့ချခြင်းတွေ ဖြစ်ကုန်တာပဲ အဖတ်တင်တာ၊ နာမည်ကြီးအက်တာတွေ ငှားပြီး ဇာတ်ကိုဖြစ်သလို ရိုက်ပစ်တာတွေ စိတ်ကုန်တယ်"

ပြောပြီဆို ဘယ်မျက်နှာမှမကြည့် ... ၊

"ဒီမင်းသားဒီမင်းသမီးတွေ မျက်နှာပြလိုက်ရင် လူဝင်တာပဲလို့ မထင်နဲ့ ... ပရိသတ်က ခံစားတတ်တယ်၊ ဇာတ်ကားတစ်ကား အတွက် ခွေတာရေး

လုပ်ပြီ ဆိုရင် ရိုက်ကူးရေးမှာ သွားထိခိုက်တယ် ... အဓိကမှာ ပြိုလဲနေကာမှ ဒီကား ဘာကောင်းတော့မှာလဲ ... "

"ကျွန်တော်က"

"ကျွန်မပြောလို့ မပြီးသေးဘူးလေ ..."

ဒါရိုက်တာ မျက်နှာပျက်နေပါပြီ ... ။

"ကျွန်မက ရှင့်တစ်ယောက်တည်းနဲ့ အလုပ်လုပ်နေတာ မဟုတ်ဘူး ကိုစိုးထွန်း ... ဒါကြောင့် တစ်ခုခု အပြစ်ပြောတိုင်း ငါ့ကိုပြောတာလားလို့ ထင်နေရင်တော့ အဆင်မပြေဘူး၊ အခု "မိုးကြိုး ဝတ်မှုန်' ဇာတ်ကားကို ဒါရိုက်တာ လုပ်ချလိုက်တာကြည့် ... သူနဲ့ပတ်သက်ရာ ပတ်သက်ကြောင်း လူတွေ ထည့်ဖို့ အတွက် ဇာတ်ညွှန်းကိုပြင်တယ် ... ပြောတော့ မင်းသားကို လွှဲချတယ်၊ အဲ့လိုနည်းနဲ့ ပျက်စီးတာတွေကရှိသေး ... "

"အဲဒီတုန်းက ဦးနုခိုင် ကျွန်တော့်ကို ပြောပြသေးတယ် မကြီးစိန် ... မင်းသားက ..."

"ဒါဖြင့် ဦးနုခိုင်နဲ့ရှင်က တိုင်ပင်ဖော်တွေပေါ့ ... "

"အာ ... မဟုတ်ဘူး မဟုတ်ဘူး ... "

"မမေးရင် မဖြေပါနဲ့ ... အပြစ်ရှိတဲ့သူကို အားပေးတာလည်း အပြစ်ယူသလိုပဲနော် ... "

စိုးထွန်း ပါးစပ်ပိတ်သွားသည်။

စိန်က ဘယ်ဘက်ကမှ မလွတ်အောင် ပြောတတ်သူ။ လိမ်ညာနေသူထံမှ အမှန်တရား ပေါ်လာအောင် စကားထောက်တာလည်း သူမလောက် ကျွမ်းကျင်တာသူမပင် ...

"အဟမ်း ... ဟမ်း ... "

ဦးမောင်မောင်က အပေါ်ထပ်ကနေ ဆင်းလာရင်း အနားရောက်တော့ ချောင်းဟန့်ကာ

"ဒါရိုက်တာရယ် ပရိုဂျူဆာရယ်ခွဲခြားမနေဘဲ အတူလုပ်ဖော်ကိုင်ဖက်တွေလို သဘောထားပြီး တိုင်ပင်ကြပါ ... ရုပ်ရှင်လုပ်ငန်းဆိုတာ အားလုံးရဲ့ အနုပညာစိတ်ဓာတ်တွေနဲ့ ပျိုးထောင်ကြရတဲ့ လုပ်ငန်း၊ စီးပွားရေး သိပ်ဆန်လို့လည်း မရဘူး ... အနုပညာချည်းပဲ ဖက်တွယ် သီကုံးနေလို့လည်း မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ထုတ်လုပ်တင်ပြခြင်း ဆိုတဲ့ နေရာမှာ ငွေရင်းပြန်ပေါ်ဖို့ကလည်း ရှိသေးတယ် ... အမြတ်အစွန်း မရှိဘဲလည်း ဘယ်အလုပ်ကိုမှ ခိုင်မာတည် မြဲအောင်လုပ်ဖို့ မလွယ်ဘူးလေ ... "

ဦးမောင်မောင် ထွက်လာကာမှ စကားလမ်းကြောင်းက တစ်ဖက်ကို ယိုင်သွားခဲ့သည်။ သူသည်လည်း ဟိုတယ်လုပ်ငန်း မလုပ်ခင်တုန်းက အနုပညာဝါသနာကြောင့် ရုပ်ရှင်လုပ်ငန်းမှာ ကြာခဲ့ပါသေးသည်။ သို့သော် အနုပညာအကြောင်းပြုပြီး ဖြတ်ကျော်ခွစားနေသည့် တချို့ လူတွေကြောင့် ယိုင်နဲ့ခဲ့သည်။ စိန့်လက်ထဲကျမှ ဒီလုပ်ငန်း ပြန်ခေါင်းထောင်လာတာ ဖြစ်ကာ ... ၊

"အန်ကယ်... ဒီနေ့နားတာလား ... "

ညီဇော် ကမန်းကတန်း ထရပ်ပြီး နှုတ်ဆက်လိုက်သည်။ ဦးမောင်မောင်ကလည်း ညီဇော် ဒီတိုင်း ထိုင်စောင့်နေရှာတာကို လှမ်းမြင်ပြီး စကားဝိုင်းပြတ်မယ့် အခြေအနေ မမြင်လို့ ဆင်းလာခဲ့တာဖြစ်သည်။

ညီဇော့်မှာလည်း ဦးမောင်မောင် ကူညီမှ စိန်သူ့ဘက်ကို ရောက်လာခဲ့တာဖြစ်ကာ ...

"ကဲ ... ပြောဇော် ... "

"မပြောတော့ပါဘူး ... အဲ ပြောဖို့စိတ်ကူး မရှိတော့တာ၊ ဒါပေမဲ့ တစ်ခုပဲ

... "

နှစ်ယောက်သား ခြံထဲဆင်းခဲ့ကြရင်း စိန်က သူ့ကို မစောင့်ဘဲ လျှောက်သွားကာ သူက စိန့်ရဲ့ နောက် မကျတကျလေးကနေ စိန့်ရဲ့ရှေ့မြင် နောက်မြင် အလှတရားတို့ကို ရှေ့ကကြည့် နောက်ကကြည့် ဖတ်ရှုခံစားရင်း ... ၊

"ကိုယ်တို့ အမြန်ဆုံး လက်ထပ်ကြရအောင်လေနော် ... "

စိန်က ခြေလှမ်းရပ်သွားကာ ...

"ဒါပြောဖို့ ငုတ်တုတ် ထိုင်စောင့်နေတာလား ... "

"ကိုယ်စောင့်ခဲ့ရတာ ဘယ်နှနှစ်တောင်ရှိပြီလဲ စိန်ရယ် ... ကိုယ်တွေးတာက ... "

"ကျွန်မ လက်ထပ်ဖို့ကိစ္စ စိတ်မဝင်စားဘူး ဇော် ... "

"ဘာဖြစ်လို့လဲစိန် ... ကိုယ်တို့တွေ ငယ်တော့တဲ့ အရွယ်တွေလည်း မဟုတ်ဘူး၊ ဒီကြားထဲ ခုတလောဘာတွေ ဖြစ်နေမှန်းမသိဘူး ... "

"ဘာမှမဖြစ်ချင်ရင် ရှင့်အကုသိုလ်စိတ်တွေကို အရင်ငြိမ်းလိုက်လေ"

"မင်းက ကိုယ်သဝန်တိုမိတာကို စိတ်ဆိုးနေတာလား ..."

ခုတော့ ဝန်ခံပြီလား ဆိုသည့် အကြည့်တွေ သူ့မျက်နှာဆီ တန်းခနဲ ရောက်လာသည်။

ပြီးတော့ စိန့်နှုတ်ခမ်းလေး လွန့်သွားပြီး ... ၊

"သုတနဲ့ ယှဉ်ပြိုင်ပြီး မောနေတာ ရှင်မရှက်ဘူးလား ဇော် ... "

ညီဇော့်မျက်နှာ ရဲသွားသည်။ အချစ်နဲ့စစ်မှာ မတရားတာရှိသလား ...။ တူတန်တယ် မတူတန်ဘူး ဆိုတာ အသိုင်းအဝိုင်း ပတ်ဝန်းကျင်က ဆုံးဖြတ်ကြတာ။ ကာယကံရှင်တွေ ရင်ထဲမှာ အချစ်က အရာရာတိုင်းနဲ့ ထိုက်တန်နေရင် သူဘာလုပ်ရမလဲ ...၊ သူလုပ်ခဲ့တာ မှားသွားလို့လား ...၊ မမှားဘူးဆို

သည့် အဖြေပဲထွက်လာတော့ သူအံ့ကြိတ်မိသည်။

"လှည့်ပတ်မနေဘဲ တည့်တည့်ပြောရအောင် စိန် ... မင်းလို ရေခဲနှလုံးသားနဲ့ မိန်းမတစ်ယောက်က သူ့ကျမှ ဘာဖြစ်လို့ ဒီလောက် နူးညံ့နေရတာလဲ ... "

"သူက သူများလို ပညာတတ် သူဌေးမှမဟုတ်တာ ... "

သူမဂရုစိုက်တာခံရဖို့ တတ်ထားတဲ့ပညာတွေကိုပဲ ခေါင်းဖြတ်စက်ထဲ ခေါင်းပြေးထိုး ရတော့မလို ...

"ကိုယ်ကတော့ မမြင်မစမ်းနဲ့ အချစ်ကို ငါ့ဆီလာပါအော်ပြီး ထိုင်စောင့်မနေနိုင်ဘူး ... အဲဒါကြောင့် ကိုယ်တဲ့ပဲ တောင်းဆိုချင်တယ် ... "

"ဟွန်း ... တဲ့တွေများလှချေလား ဇော်ရဲ့ ဒါဆို ရှင်ပြောခဲ့ဖူးသမျှ ဝေ့လည်ကြောင်ပတ်တွေ ချည်းပဲထင်တယ် ... "

"ကိုယ့်ကိုမရိပါနဲ့ ... ချစ်တဲ့သူတိုင်း သဝန်တိုကြတယ်၊ မင်းနမ်းလိုက်တဲ့ ပန်းလေး တစ်ပွင့်ကစ ကိုယ်သဝန်တိုတယ် ဆိုရင် ကျားကောင်းမောင်းသန် ယောကျ်ားတစ်ယောက်ကို မင်း အရေးပေးနေတာ ကိုယ့်ရင်ထဲမှာ ဘယ်လိုနေမလဲ ... "

"အလုပ်လိုချင်တဲ့သူကို အလုပ်ပေးထားတာ ရှင်ဘယ်လိုတောင် အမြင်တွေ စောင်းနေတာလဲဇော် ... ကျွန်မက ဘယ်လိုမိန်းမမျိုး မို့လို့လဲ ... "

မျက်လုံးချင်း ဆုံတော့လည်း ညီဇော့်ဆီက အဲ့စကားတွေ ပျောက်ကွယ်နေခဲ့၏။

"ကဲပြော .... ရှင့်ရဲ့ဒဲ့တွေ"

သူခဏငြိမ်နေသည်။ ပြီးမှ ...

"ခုဖြစ်ရတဲ့ ပြဿနာမျိုးတွေ ထပ်မရှိရအောင် ကိုယ်တို့ လက်ထပ်လိုက်ဖို့

ပဲ ... မင်းကို ကိုယ်ပိုင်ဆိုင်ခွင့်ရရင် ... "

"ဘာလဲ ... သုတကို ရှင် မထိုးမကြိတ်ရအောင် ကျွန်မက လက်ထပ်ရမယ် ဟုတ်လား ... "

စိန့်မျက်ဝန်းတွေ စူးစူးရဲရဲဖြစ်လာသည်။ ညီဇော့်ကိုကြည့်ပုံက အညှီအဟောက် တစ်ခုကဲ့သို့ နှုတ်ခမ်းတို့ကိုဖိစေ့၍ ... .၊

"ရယ်စရာပဲ ... ရှင်သွားထိုးလေ၊ အသေထိုးမလား ... မသေမရှင်ထိုးမလား၊ ခွေးနှစ်ကောင် ကိုက်တာလောက်တောင် စိတ်ဝင်စားဖို့မရှိဘူး ...

"စိန့်..."

***